# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၆)


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

### မြန်မာ့ရာသီဥတုနှင့် အယ်လ်နီညို ဖြစ်စဉ်

ဆောင်းပါး စာ ၁၀

### အားပေးမြှင့်တင်ရမည့် မြန်မာ့ရိုးရာ ချည်ထည် ...



ဆောင်းပါး စာ ၁၆

### တောင်ရိုးတိုင်းရင်းသားကျေးရွာများ၌ သင်္ကြန်အပြီးမှစ၍ လှည့်လည်ကျင်းပနေသည့် ရိုးရာဓလေ့ တာတက်ပွဲတော်



ရှေ့နိုင်ငံမြင်ကွင်းကျယ် စာ ၁၈




ဒသမတန်းလူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တောင်ကြီးမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက် အလံငယ်များဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ဒသမတန်းလူရည်ချွန်မောင်မယ်များ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ

တောင်ကြီး ဧပြီ ၂၇

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒသမတန်း လူရည်ချွန်မောင်မယ် ၁၄၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများသည် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း ဦးဆောင်သောအဖွဲ့ဖြင့် နေပြည်တော်လူရည်ချွန်စုရပ်စခန်းမှ ယနေ့ နံနက်ပိုင်းက စတင်ထွက်ခွာကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❑




# ပြည်ပသို့ ကော်ဖီတိုးတက်တင်ပို့နိုင်ရေးနှင့် ကော်ဖီဧက တစ်သိန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် မေ ၂၇

**ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကော်ဖီကို လက်ရှိဈေးကွက်အပြင် ဈေးကွက်အသစ်သို့ တင်ပို့ရောင်းချပေးရန် အဆိုပြုဖိတ်ခေါ်မှုရှိလာသဖြင့် ပြည်တွင်းကော်ဖီစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များကို မြန်မာနိုင်ငံကော်ဖီအသင်း၏ ဦးဆောင်မှုဖြင့် ကော်ဖီလုပ်ငန်းရှင်များစုဖွဲ့၍ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုနှင့် လက်ရှိပြည်ပတင်ပို့နေမှုများအပြင် ဈေးကွက်အသစ်သို့ တင်ပို့နိုင်ရန် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာ၌ ကော်ဖီစိုက်တောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ၏ ရေရှည်အကျိုးစီးပွားနှင့် ကော်ဖီပို့ကုန်ကဏ္ဍ တည်ငြိမ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဈေးကွက်အလားအလာကို လေ့လာသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော်ဖီကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က မူဝါဒများ ချမှတ်နိုင်ရေးနှင့် လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကော်ဖီစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုဆိုင်ရာ လိုအပ်သောကိန်းဂဏန်း စာရင်းဇယားများတိကျမှန်ကန်စွာ အသုံးပြုနိုင်ရေးကို မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြည်တွင်း၌ လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် သက်ဆိုင်ရာဌာနများမှ ကောက်ယူထားသည့် စာရင်းများအရ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကော်ဖီဆန်ထွက်ရှိမှု၊ ရောင်းချပြီးစီးမှုနှင့် ခန့်မှန်းလက်ကျန်စာရင်း၊ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ ကော်ဖီမစ်အမျိုးမျိုး တင်ပို့မှု၊ ကော်ဖီစိုက်ဧက တစ်သိန်း တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့်စိုက်ဧရိယာ လျာထားချက်၊ ကော်ဖီခင်းများတွင် ကျရောက်လျက်ရှိသော ပင်စည်ထိုးပိုး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ ကော်ဖီအသင်းက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည့် အချက်များ ၊ ဈေးကွက်ဝေစုရယူလိုသောနိုင်ငံများ၏ ကော်ဖီသောက်သုံးမှုနှင့် ကော်ဖီလိုအပ်ချက်၊ မြန်မာ့ကော်ဖီများ တင်ပို့နိုင်မည့်အလားအလာတို့ကို ရှင်းလင်းတင်ပြသည်။

**ဈေးကွက်ချဲ့ထွင်နိုင်ရေး**

ထို့နောက် မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌနှင့် ကော်ဖီလုပ်ငန်းရှင်များက ပြည်တွင်းကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လိုအပ်ချက်များနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**နှစ်အလိုက်တိုးချဲ့စိုက်ပျိုး**

မြန်မာ့ကော်ဖီကို ပြည်ပဈေးကွက်၏ ဝယ်လိုအားတောင်းဆိုမှုများမြင့်တက်လာလျက် ရှိနေသဖြင့် ကော်ဖီစိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းဝယ်သူများနှင့် လုပ်ငန်းစဉ်ကွင်းဆက် တစ်လျှောက်တွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေအကျိုးအမြတ် အလားအလာကောင်းများ ရှိနေကြောင်း၊ ၂၀၂၂ - ၂၀၂၃ ခုနှစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုစာရင်းများအရ တစ်နိုင်ငံလုံး၌ ကော်ဖီဧက ၅၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အဓိကအသုံးပြု၍ ဘဏ္ဍာနှစ်အလိုက်တိုးချဲ့စိုက်ပျိုးပြီး စုစုပေါင်းကော်ဖီဧက တစ်သိန်းအထိ စိုက်ပျိုးထုတ်လုပ်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ အထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် မေ ၂၇**

ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများနှင့် ဝါသီးနှံအထူးဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မကွေးတိုင်းဒေသကြီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံ ဇုန်တာဝန်ခံများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်အတွင်း စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းဖူလုံမှုရှိစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံများ အထူးဇုန်များ လျာထားသတ်မှတ်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း၏ ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊နေကြာ ဆီထွက်သီးနှံ သုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးသည့်စနစ်ဖြင့် စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ လာမည့် မိုးနှင့်ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်ရှိအောင်မြင်စေရန်အတွက် ဆီထွက်သီးနှံအထူးအထွက်တိုးဇုန်များ သတ်မှတ်၍ ဇုန်တာဝန်ခံများ ခန့်အပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆီထွက်သီးနှံအထူးအထွက်တိုးရေးဇုန်တာဝန်ခံများ၏ လုပ်ငန်းတာဝန်များအနေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အထူးဇုန်လျာထားဧက ပြည့်မီရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံများ စိုက်ဧကမှန်ကန်ရေး၊ သီးနှံအထွက် မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် ဇုန်တာဝန်ခံများနှင့် မြို့နယ်တာဝန်ခံများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်တိုင်းတွင် အချိန်မီဆောင်ရွက်ရန် တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့များကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ထွန်ယက်ရေးနှင့် စိုက်ပျိုးရေးနည်းပညာတို့ကို သီးနှံအတွက် လိုအပ်ချိန်တွင် ပံ့ပိုးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက်ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာအဆင့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧက၊ အထွက်နှုန်း စသည့်ကိန်းဂဏန်း အချက်အလက်များကို တိတိကျကျမှတ်တမ်းတင်ကြရန်၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ဒေသအလိုက် စိစစ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားတူအထူးဇုန်ပြင်ပရှိ စိုက်ကေများကိုလည်း အထွက်နှုန်းများ ကျဆင်းမှုမရှိစေရေးနှင့်မူလအထွက်နှုန်းရရှိရေးကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးများက မကွေးတိုင်းဒေသကြီးအတွင်း အသားတင်စိုက်ပျိုးနိုင်သည့် အခြေအနေများကိုရှင်းလင်းတင်ပြပြီး ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)၊ .ဇုန်(၄) အဖြစ် ဧက နှစ်သိန်း ခြောက်သောင်းကျော် လျာထားဆောင်ရွက်မှုကိုလည်းကောင်း၊ ဆီထွက်သီးနှံ အထူးဇုန်(၁)နှင့် ဇုန်(၂) တာဝန်ခံများနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံများက မိမိတို့ ဒေသအလိုက် စိုက်ပျိုးလျာထားမှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနများအလိုက် ကွင်းဆင်းဆောင်ရွက်ပူးပေါင်းရမည့် လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဆီထွက်သီးနှံများ အထူးဇုန်သတ်မှတ်၍ လျာထားဧကပြည့်မီအောင် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သတ်မှတ်ပန်းတိုင် အထွက်နှုန်းရရှိနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၇**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၇ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်၊ ညောင်ဦးမြို့တွင် ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ မြင်းခြံမြို့တွင် ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်၊ စစ်ကိုင်းမြို့တွင် ၄၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊ မကွေးမြို့ နှင့် အောင်လံမြို့တို့တွင် ၄၄ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စီ၊ မုံရွာမြို့နှင့် မြင်းမူမြို့တို့တွင် ၄၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်စီ၊ ဆင်ဖြူကျွန်းမြို့တွင် ၄၃ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်နှင့် မင်းဘူးမြို့တွင် ၄၃ ဒသမ ၈ ဒီဂရီဆဲစီးယပ်တို့ဖြစ်ကြသည်။

**မိုး/ဇလ**

# စက်မှုဝန်ကြီးဌာနအနေဖြင့် ဆီစက်လုပ်ငန်းရှင်များ၏လိုအပ်သည်များ ကူညီဖြည့်ဆည်းစီမံဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ ဦးစိုးသန်း၏ တောင်တွင်းဆီစက်၊ ဦးမောင်မောင်ဦး၏ အောင်သမာဓိဆီစက်၊ ဦးနိုင်ဝင်း၏ ကန်လှဆီစက်၊ အေလာရှိ ဦးအေးထွန်း၏ ပြည်လုံးချမ်းသာဆီစက်၊ ပျဉ်းမနားမြို့နယ်ရှိ ဦးခင်မောင်ဝင်း၏ ရွှေပြည်စိုးဆီစက်၊ ဦးလှထွန်း၏ ရွှေလိပ်ပြာဆီစက်တို့ကို လှည့်လည်အားပေးကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ထွက်ရှိလာသည့်ဆီထွက်သီးနှံများကို သက်ဆိုင်ရာလုပ်ငန်းရှင်များက အပြည့်အဝကြိတ်ခွဲ၍ စားသုံးဆီများ ထုတ်လုပ်နိုင်ရေးအတွက် ဆီစက်လုပ်ငန်းရှင်များ၏ လိုအပ်သည်များကို ကူညီဖြည့်ဆည်းစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းများကို ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ထုတ်လုပ်မှသာ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သောစားသုံးဆီများ ရရှိမည်ဖြစ်၍



သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့တွင် ပါဝင်သည့် ရုပ်ပိုင်းနှင့်ဓာတုဆိုင်ရာ ဂုဏ်သတ္တိများကို သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် စားသုံးဆီတိုးတက်ထွက်ရှိရေး၊ စီးပွားရေးတွက်ခြေကိုက်မှုရှိစေရေးနှင့် ကြိတ်ဖတ်များအား တိရစ္ဆာန်အစာအဖြစ်အသုံးပြုရာတွင် အကျိုးရှိစေရေးတို့အတွက် ကြိတ်ဖတ်များတွင် ဆီကျန်ရှိမှု လျော့နည်းအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ(နေပြည်တော်ကောင်စီ) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီအတွင်းရှိ မှတ်ပုံတင်ထားရှိသည့် ဆီစက်လုပ်ငန်းများနှင့် မြေပြင်ရှိစာရင်းများ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် စစ်ဆေးကြပ်မတ်သူများအနေဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့်ထုတ်ကုန်များ ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့အတွက် အလေးထားစစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်ရေးဆွဲဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆီစက်များ၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကိုလည်း ပြည့်စုံမှန်ကန်အောင် ပြုစုထားရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်ရမည့်နည်းစဉ်များကိုလည်း လေ့လာ၍ လုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီအတွင်းမှ ထွက်ရှိသည့် ဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲနိုင်ရေးအတွက် ဆီစက်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း၍ ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုအား လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကျုံပျော်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုအားလည်းကောင်း ကြည့်ရှုအားပေးရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပုသိမ်ခရိုင်အသင်းက မြောင်းမြခရိုင်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မြောင်းမြခရိုင်အသင်းက ကျုံပျော်ခရိုင်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ရာ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိသည့် အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လူမှုရေးရာဝန်ကြီး၏ဇနီး၊ သယံဇာတရေးရာဝန်ကြီး၏ ဇနီးတို့ကလည်းကောင်း၊ အမျိုးသားနေရာအလိုက် အကောင်းဆုံးဆု ရရှိသည့် အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့ကလည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျုံပျော်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ဇနီးက လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် မြောင်းမြခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီး ဥပဒေချုပ်က လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးတရားသူကြီးချုပ်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား ပထမဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း ပေးအပ်ခဲ့ကြပြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းအား ပထမဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဝေါမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၆၄ ခုမှ ပြည်သူ ၃၄၂ ဦး၊ ဒိုက်ဦးမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၅၃ ခုမှ ပြည်သူ ၃၁၀ တက်ရောက်ပြီး စုစုပေါင်း ၆၅၂ ဦး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

**လက်တွေ့စမ်းသပ်မဲပေး**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသ ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

**ဆက်လက်ဆောင်ရွက်မည်**

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း ပေးခဲ့ကြသည်။




မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲတက်ရောက်

## သာကေတမြို့ရှိ ယုဇနစားအုန်းဆီသန့်စင်စက်ရုံ၌ စားအုန်းဆီသန့်စင်ထုတ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ဖြူးနေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ပဉ္စမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကို ပုဂ္ဂလိကကဏ္ဍအသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် ကုန်သည် စီးပွားရေးလုပ်ငန်းရှင်အသစ်များကို မွေးထုတ်ပေးနိုင်ရန်နှင့် ကုန်သွယ်မှုနှင့်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်ပကုန်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အပါအဝင် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၉၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် ရုံးလုပ်ငန်းတာဝန်များကို အားသစ်၊ မာန်သစ်၊ ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ယခင်နှစ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များ ပြန်လည်သုံးသပ်စိစစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက်၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက်၊ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာ ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့ရှိ ယုဇနစားအုန်းဆီသန့်စင် စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း စားအုန်းဆီ သန့်စင်ထုတ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ဖြူးနေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ ကုန်ကြမ်းရရှိရေးအတွက် ဆီအုန်းများ သီးနှံအထွက်တိုးအောင် ဆောင်ရွက်ရန်နှင့် တိုးချဲ့စိုက်ပျိုးရန်၊ စားအုန်းဆီ ပြည်ပမှ တင်သွင်းနေမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းစားသုံးဆီများကို လုံလောက်ဖူလုံအောင် ထုတ်လုပ်ရေးနှင့် ပိုလျှံက ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ စားသုံးဆီကုန်ချောထုတ်လုပ်ရာတွင် နိုင်ငံတကာမှ သတ်မှတ်ထားသော ကျန်းမာရေးနှင့် ညီညွတ်သည့် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန်၊ ပြည်တွင်းဖြန့်ဖြူးရာတွင် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရန်တို့ကို မှာကြားသည်။

ယုဇနဆီချောဆီသန့်ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များတွင် ဆီအုန်း ၁၄၃၅၀၄ ဧက စိုက်ပျိုးထားရှိကြောင်း၊ ဆီကြမ်းစက်ရုံများကို ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များတွင် တည်ထောင်ကြိတ်ခွဲ ထုတ်လုပ်ပြီး အဆိုပါ စားအုန်းဆီကြမ်းကို ယခုစက်ရုံမှ စားအုန်းဆီသန့် တစ်နှစ် တန် ၂၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ငွေဆောင်မြို့သို့ ရောက်ရှိလာရာ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆို

**ငွေဆောင် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့သို့ အပန်းဖြေလေ့လာရေးခရီး လာရောက်ကြသည့် ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်များသည် ဧပြီ ၂၇ ရက်တွင် ပုသိမ်မြို့မှ လူရည်ချွန်စခန်းရှိသည့် ငွေဆောင်မြို့သို့ ည ၇ နာရီတွင် ရောက်ရှိခဲ့ရာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူလေးများက မြို့ဝင်လူရည်ချွန်မုခ်ဦးနှင့် လူရည်ချွန် စခန်းဖွင့်ရာ ယမုံနာဦးဟိုတယ် တို့က လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

**အလံများ ဝှေ့ယမ်းကြိုဆို**

ငွေဆောင်မြို့သို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငွေဆောင်မြို့အဝင် ကြိုဆိုရေးမုခ်ဦးတွင် အိုးစည်ဒိုးပတ်အကဖြင့် ကပြဖျော်ဖြေကာ အလံများဖြင့် ဝှေ့ယမ်းကြိုဆိုခဲ့ကြသည်။

လူရည်ချွန် စခန်းဖွင့်ရာ ယမုံနာဦးဟိုတယ်သို့ အရောက်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက ဟိုတယ်အဝင်ကြိုဆိုရေးမုခ်ဦးမှ ခန်းမဆောင်အထိ ပန်းစည်းများ ကမ်းလှမ်းကြိုဆိုခဲ့ကြပြီး တိုင်းရင်းသားအကများဖြင့် ကြိုဆိုဖျော်ဖြေခဲ့ကြသည်။ ထို့နောက် လူရည်ချွန် မောင်မယ်များသည် ဟိုတယ်မှ ဧည့်ခံသည့် အအေးသုံးဆောင်ကာ နားနေဆောင် အသီးသီးသို့ သွားရောက်အနားယူခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

**ကင်းလွတ်ခွင့်**

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**လျှော့ပေါ့ခွင့်**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ငင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ရွှေ့ဆိုင်းခွင့်**

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

# ငွေဆောင်လူရည်ချွန်စခန်းနှင့် ချောင်းသာလူရည်ချွန်စခန်းသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုညှော်ခံပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၇**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကောဒသမတန်း (ငွေဆောင်လူရည်ချွန်စခန်း)နှင့် ဒွါဒသမတန်း (ချောင်းသာလူရည်ချွန်စခန်း)များသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုညှော်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်စခန်းသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် လူရည်ချွန်မောင်မယ်များက အက၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းညှော်ခံခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောဒသမတန်း (ငွေဆောင်လူရည်ချွန်စခန်း)နှင့် ဒွါဒသမတန်း (ချောင်းသာလူရည်ချွန်စခန်း) သို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားမှုအား နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိလာသည့် နဝမတန်း လူရည်ချွန်မောင်မယ်များကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဧပြီ ၂၇**

နဝမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးစီး၍ ဆရာအတတ်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူသူနှင့် တာဝန်ရှိသူများက ပန်းကုံးများ၊ သပြေခက်များဖြင့် လည်းကောင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်မှ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။



ထူးချွန် ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို စံနမူနာထားကာ ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်ချက်ဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၄၀၊ ဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၄၀၊ ကောဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး၊ ဒွါဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၅၅၄ ဦးကို မွေးထုတ်နိုင်ခဲ့သည်။

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် အဆိုပါ လူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ်စခန်းမှ သက်ဆိုင်ရာ လူရည်ချွန်အပန်းဖြေစခန်းမှူးများ၊ ကြီးကြပ်ဆရာ ဆရာမများနှင့်အတူ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်လူရည်ချွန် စခန်း အသီးသီးသို့ လေ့လာရေးခရီးစဉ်များ စတင်ထွက်ခွာခဲ့ကြသည်။ ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှူးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း ဦးဆောင်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်း(Grade-9) လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများသည် နံနက် ၁၁ နာရီတွင် ပုဂံလူရည်ချွန်စခန်းသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူရည်ချွန်စခန်း(ချောင်းသာ)၌ စခန်းချနေထိုင်မည့် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များကို ရင်းနှီးနွေးထွေးစွာ ကြိုဆို

**ချောင်းသာ ဧပြီ ၂၇**

ဧရာဝတီတိုင်း ဒေသကြီး ချောင်းသာမြို့ လူရည်ချွန်စခန်း (ချောင်းသာ)၌ စခန်းချနေထိုင်မည့် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့ညနေ ၆ နာရီက ချောင်းသာမြို့သို့ ရောက်ရှိလာကြရာ ချောင်းသာမြို့ အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ချောင်းသာမြို့အဝင်နှင့် လူရည်ချွန်စခန်း(ချောင်းသာ)မုခ်ဦးတို့တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

လူရည်ချွန် မောင်မယ်များသည် ချောင်းသာမြို့ AZURA ဟိုတယ်၌ ယာယီဖွင့်လှစ်ထားသည့် လူရည်ချွန်စခန်း (ချောင်းသာ) တွင် စခန်းချနေထိုင်ပြီး လူရည်ချွန်ဟောင်းကြီးများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်း၊ ဒေသန္တရဗဟုသုတများ လေ့လာခြင်း၊ ကမ်းခြေတွင် အပန်းဖြေခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ လူရည်ချွန်စခန်း (ချောင်းသာ)တွင် မြန်မာတစ်နိုင်ငံလုံးမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများက ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ယာယီစခန်းချနေထိုင်မည်ဖြစ်ပြီး အဆင်ပြေချောမွေ့စွာ သွားလာနေထိုင်စေနိုင်ရေးအတွက် တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**



❑ *ရှေ့ဖုံးမှ*

အဆိုပါ လူရည်ချွန်အဖွဲ့အား ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက လမ်းဘေးဝဲယာ တစ်လျှောက် အလံငယ်များဝှေ့ယမ်း နှုတ်ဆက်၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် လည်းကောင်း၊ ဘင်ခရာတပ်ဖွဲ့များက ဘင်ခရာ၊ ပန်းဖွားအကများဖြင့်လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးခတ်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

**နေ့လယ်စာသုံးဆောင်**

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ကလောမြို့ရှိ မောမြေဦးပန်းခြံနှင့် ကလောနာရီစင်များသို့ သွားရောက်လေ့လာကြပြီး ကလောမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နေ့လယ်စာ သုံးဆောင်ကြသည်။

**ကြိုဆို**

ယင်းနောက် ကလောမြို့မှ ဆက်လက်ထွက်ခွာကြပြီး လူရည်ချွန်စခန်း ဖွင့်လှစ်ထားသည့် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြရာ ပြည်နယ်ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဘင်ခရာတပ်ဖွဲ့တို့က အလံငယ်လေးများ ဝှေ့ယမ်းကာ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၏ လူရည်ချွန်စခန်းများသို့ ရောက်ရှိကြသည့် ဓာတ်ပုံမြင်ကွင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များသည် ပုဂံလူရည်ချွန်စခန်း၊ တောင်ကြီးလူရည်ချွန်စခန်း၊ ချောင်းသာနှင့် ငွေဆောင်လူရည်ချွန်စခန်းများ၌ အခြေချနေထိုင်ကာ ဒေသန္တရ ဗဟုသုတများ လေ့လာခြင်းနှင့် အပန်းဖြေအနားယူခြင်းများ ဆောင်ရွက်မည်ဖြစ်ရာ လူရည်ချွန်စခန်းများသို့ ရောက်ရှိကြသည့် လူရည်ချွန်မောင်မယ်များ၏ မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့






တောင်ကြီးမြို့လူရည်ချွန်အပန်းဖြေစခန်း၌ နေထိုင်မည့် လူရည်ချွန်မောင်မယ်များ ကလောမြို့သို့ ရောက်ရှိစဉ်(အပေါ်ပုံ)နှင့် တောင်ကြီးမြို့သို့ ရောက်ရှိစဉ် ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်(ယာပုံ)။ စိုင်းအယ်ဘဲ



လူရည်ချွန်စခန်း ချောင်းသာနှင့် ငွေဆောင်သို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ(MICC) ၌ ဂုဏ်ပြုကြိုဆိုစဉ်။ ဆန်းကျော်ဦး(ပြန်/ဆက်)




လူရည်ချွန်စခန်း (ငွေဆောင်)သို့ ရောက်ရှိလာကြသည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုကြစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)




လူရည်ချွန်စခန်း(ချောင်းသာ)သို့ ရောက်ရှိလာကြသည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုကြစဉ်။ ချောင်းသာ(ပြန်/ဆက်)





ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိလာကြသည့် လူရည်ချွန်မောင်မယ်များအား တွေ့ရစဉ်။ ဒီပါလင်း

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သံဃာတော်အပါး ၃၀၀ အား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူ

**မုံရွာ ဧပြီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်းကျင်ရှိ ကျောင်းတိုက်ကြီး ရှစ်တိုက်မှ ဆရာတော်၊ သံဃာတော်အပါး ၃၀၀ အား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်းအတွင်း၌ ကျင်းပရာ ဆွမ်းလောင်းလှူပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများက ပင့်သံဃာ ဆရာတော်၊ သံဃာတော်အပါး ၃၀၀ တို့အား ဆွမ်းနှင့် ဆွမ်းဟင်းများ၊ သစ်သီးများ၊ အချိုပွဲများ လောင်းလှူကြသည်။(ယာပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်အပါး ၃၀၀ တို့အား စနစ်တကျဖြင့် ဆွမ်းနှင့်ဆွမ်းဟင်းများ၊ သစ်သီးများ၊ အချိုပွဲများ တပျော်တပါး လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆွမ်းလောင်းလှူကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဝေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကျင်းပ

**ဝေါ ဧပြီ ၂၇**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ဝေါမြို့နယ် အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်း အခမ်းအနားကို ဧပြီ ၂၇ ရက်က ဝေါမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူး ဒေါက်တာ ကျော်ကိုလတ်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ဆွေးနွေးရှင်းလင်းပြောကြားပြီး၊ ဝေါမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ အတွင်းရေးမှူး ဒေါ်ထိုက်ထိုက်လွင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ လက်တွေ့စမ်းသပ်မဲ ပေးနိုင်ရေး မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးပုံအဆင့်ဆင့်ကို အသေးစိတ်ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးပေးသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကော်မရှင်အဖွဲ့ဝင်များ စုစုပေါင်း ၃၅၄ ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)အသုံးပြု၍ လက်တွေ့စမ်းသက်မဲပေး လေ့လာခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**



# ဘားအံမြို့၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ ဧပြီ ၂၇**
ကရင်ပြည်နယ် ဘားအံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

အစည်းအဝေးတွင် ဘားအံခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ကရင်ပြည်နယ် ဘားအံခရိုင်အတွင်း ရေဘေး၊ လေဘေး၊ မီးဘေး၊ ကမ်းပြိုဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့် အပိုင်း သုံးပိုင်းကို ထိထိမိမိဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း၊ သဘာဝဘေးဖြစ်ပွားလာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်စုဖွဲ့ထားကြစေလိုကြောင်း ပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့ဝင်များက ဌာနအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**




# မုံရွာမြို့၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ ထပ်ဆင့်ရှင်းလင်း

**မုံရွာ ဧပြီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ဒုတိယအကြိမ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၇ ရက်က မုံရွာမြို့နယ် ကုန်တင်ကုန်ချရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်အတူ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ခံစားခွင့်များ၊ ပြည်သူ့စစ်မှု ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခြင်း၊ ယာယီရွှေ့ဆိုင်းနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်



ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ပေးအပ်သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မုံရွာမြို့နယ် ကုန်တင်ကုန်ချရုံးမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

**မလှိုင် ဧပြီ ၂၇**
မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၄ ရက်က မလှိုင်မြို့နယ် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ဝင်းယုဆွေက ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်း တာဝန်ပေးအပ်လွှာများကို ပေးအပ်ရာသက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ အခမ်းအနားတွင် မြို့နယ် ဌာနဆိုင်ရာများနှင့် ရပ်ကွက် / ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# မိုင်းခတ်မြို့၌ မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**မိုင်းခတ် ဧပြီ ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ဧပြီ ၂၄ ရက် ညနေပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးဘေးသင့် အိမ်ထောင်စုများအား ယမန်နေ့က ကျိုင်းတုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၂၅ မျိုး ထောက်ပံ့ပေးအပ်သည်။

အဆိုပါ မီးလောင်မှုကြောင့် နောင်ဖူကျေးရွာမှ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၆ ဦးတို့အတွက် အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ အပါအဝင်ကယ်ဆယ်ရေး ပစ္စည်း ၂၅ မျိုးကို ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ပေးပို့ရာ မိုင်းခတ် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုင်လွန်နှင့်ဝန်ထမ်းများက လက်ဝယ်အရောက် ကွင်းဆင်းထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**နန်းနွယ်နီ (ပြန်/ဆက်)**



# အခြေခံပညာကျောင်းများ၏ အောင်စာရင်းများ မြို့နယ်အသီးသီး၌ ထုတ်ပြန်ကြေညာ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ အောင်စာရင်းများကို ဧပြီ ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာပေးရာ မြို့နယ်အသီးသီးမှ အခြေခံပညာကျောင်းများတွင် အောင်စာရင်းများ ကပ်ထားကြေညာမှုနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုနေကြသည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။ စာတည်းအဖွဲ့



### ကြံခင်းမြို့နယ်

ကြံခင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းနှင့် တွဲဖက်ဘုန်းတော်ကြီးစာသင်ကျောင်း နှစ်ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၄ ကျောင်းတွင် ဖြေဆိုအောင်မြင်သူ ၁၁၄၇၃ ဦးဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၉၆ ဒသမ ၃၁ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### ဓနုဖြူမြို့နယ်

ဓနုဖြူမြို့နယ်မှ အခြေခံပညာကျောင်းပေါင်း ၂၀၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းနှင့် ကိုယ်ပိုင်မူလတန်းကျောင်း တစ်ကျောင်းတွင် KG မှ Grade– 11 (သင်ရိုးသစ်) စာမေးပွဲ ဖြေဆိုသူ ၂၉၉၈၇ ဦးအနက် အောင်မြင်သူ ၂၉၉၆၂ ဦး(အောင်ချက်ရာနှုန်း ၉၉ ဒသမ ၉၂) ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



နေပြည်တော် ပျဉ်းမနားမြို့နယ်၌ အခြေခံပညာအောင်စာရင်း ထုတ်ပြန်ထားမှုကို ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုစဉ်။ မြို့နယ်(ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အခြေခံပညာ အောင်စာရင်းကြည့်ရှုနေသော ကျောင်းသား ကျောင်းသူများ။

လှိုင်မင်းအောင်(ပြန်/ဆက်)



နေပြည်တော် တပ်ကုန်းမြို့နယ်၌ အခြေခံပညာအောင်စာရင်း လာရောက်ကြည့်ရှုသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ။ မြို့နယ်(ပြန်/ဆက်)



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ အခြေခံပညာ အောင်စာရင်းထုတ်ပြန်ထားမှုကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုနေစဉ်။ ဟိန်းသူအောင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ အခြေခံပညာ အောင်စာရင်း ကြေညာထားမှုကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုနေစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အထက(၂)ကျောင်း၌ အခြေခံပညာ အောင်စာရင်းလာရောက်ကြည့်ရှုကြသောကျောင်းသားကျောင်းသူများ။

ကိုကျော်(သုံးခွ)

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်၌ အခြေခံပညာအောင်စာရင်း ကြေညာထားမှုကို ကျောင်းသား ကျောင်းသူများနှင့် မိဘများ ကြည့်ရှုနေစဉ်။

စိုင်းမျိုးသန့်(မောက်မယ်)





ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အခြေခံပညာအောင်စာရင်းကြည့်ရှုနေကြသည့်ကျောင်းသားကျောင်းသူများ။ ကိုကျော်(ပြန်/ဆက်)

# မြန်မာ့ရာသီဥတုနှင့် အယ်လ်နီညိုဖြစ်စဉ်

(မိုး/ဇလ)


အယ်လ်နီညို (El Nino)၊ လာနီညာ (La Nina) တို့သည် ရာသီဥတုကို ဖောက်လွဲဖောက်ပြန် ဖြစ်စေသည့် သဘာဝဖြစ်ရပ်များဖြစ်ကြပြီး ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေ (peak condition) ကိုတွေ့ရလေ့ရှိကာ ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ကမ်းခြေဒေသများ၏ ရာသီဥတုကို သာမက အာရှတိုက်တောင်ပိုင်းကမ်းခြေဒေသများသို့တိုင် ဆက်စပ်၍ အစွန်းရောက်ရာသီဥတု အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အယ်လ်နီညို၊ လာနီညာကို ပထမဆုံးစတင်တွေ့ရှိသူများမှာ ပီရူးနိုင်ငံနှင့် အီကွေဒေါနိုင်ငံရှိ ရေလုပ်သားကြီးများ ဖြစ်ကြသည်။ အဆိုပါနိုင်ငံများရှိ ငါးဖမ်းလုပ်ငန်းများတွင် မကြာခဏဆိုသလို ငါးဖမ်းရရှိမှုလျော့နည်းလာလေ့ရှိကြောင်းကို သတိပြုမိရာမှ ရေအေးစီးကြောင်းများနေရာတွင် ရေပူစီးကြောင်းများ အစားထိုးဝင်ရောက်လာခြင်းကို စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်ပါသည်။ ထိုသို့ ပင်လယ်ရေစီးကြောင်းများ ပြောင်းလဲရာမှတစ်ဆင့် ဆက်စပ်လေထုလွှာ အခြေအနေများ၊ ရာသီဥတုနှင့် မိုးလေဝသအခြေအနေများပါ ပြောင်းလဲဖောက်ပြန်လာရခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လေထုနှင့်ပင်လယ်ရေတို့ အပြန်အလှန်သက်ရောက်မှု (Air-sea interaction) ဖြစ်စဉ် ဖြစ်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

အယ်လ်နီညိုဆိုသည်မှာ ခရစ္စမတ်ကာလအနီးတွင် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေ မြောက်ပိုင်းဒေသများဖြစ်သည့် "ပီရူးနှင့် အီကွေဒေါ" ကမ်းခြေများရှိ မူလရေအေးစီးကြောင်းများတွင် ရေနွေးစီးကြောင်းများ အစားထိုးစီးဝင်လာခြင်းဖြစ်ရပ်ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ခရစ္စမတ်ကာလတွင် တွေ့ရလေ့ရှိပြီး ခရစ်တော်ကို ဂုဏ်ပြုသောအားဖြင့် "ခရစ်၏သားတော်" ဟူသော အနက်အဓိပ္ပာယ်ဖြင့် "အယ်လ်နီညို" ဟု အမည်ပေးထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အပူလွန်ကဲသည့်နှစ်များသည် အယ်လ်နီညိုနှစ်များဖြစ်ပြီး အယ်လ်နီညိုနှစ်များတွင် အရှေ့ပစိဖိတ် သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပြင်းအားအပေါ်မူတည်၍ ပုံမှန်ထက် (၁ ဒီဂရီဆဲလ်စီးယပ်မှ ၃ ဒီဂရီဆဲလ်စီးယပ်)ခန့် မြင့်တက်နေနိုင်ပါသည်။


**အယ်လ်နီညိုနှစ်များ**

၁၉၅၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ယခု ၂၀၂၄ ခုနှစ်အထိ အယ်လ်နီညိုဖြစ်စဉ် စုစုပေါင်း (၂၇)ကြိမ် ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် (၁၉၈၂-၁၉၈၃)၊ (၁၉၉၇-၁၉၉၈)၊ (၂၀၁၅ - ၂၀၁၆) ခုနှစ်တို့သည် အားအလွန်ကောင်းခဲ့သော အယ်လ်နီညိုနှစ်များ ဖြစ်ခဲ့ပါသည်။ (၂၀၂၃-၂၀၂၄) ခုနှစ်သည် အားအသင့်အတင့်ရှိခဲ့သော အယ်လ်နီညို နှစ်တစ်နှစ်ဖြစ်ပြီး ယခုလက်ရှိပြေိလတွင် အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေ၌ ဆက်လက်တည်ရှိနေပါသည်။




**ပုံ(၁)။ အယ်လ်နီညိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ရှိ "ပီရူး" နိုင်ငံကမ်းခြေတွင် ပင်လယ်ရေမျက်နှာပြင် အပူချိန်များ ပုံမှန်ထက်ပို၍ မြင့်တက်နေပုံ။**

### အယ်လ်နီညို ဖြစ်ပွားပုံ




(က) (ခ)

**ပုံ(၂)။ (က) ပုံမှန်နှစ် (ခ) အယ်လ်နီညိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံ**

အထက်ပါ ပုံ (၂)(က) တွင် ဖော်ပြထားသည့်အတိုင်း ပုံမှန်နှစ်များတွင် အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ကမ်းခြေမှ တိုက်ခတ်လာသော အေးမြသည့် ကုန်သည်လေများသည် ဩစတြေးလျတိုက်အနီးသို့ ရောက်ရှိသောအခါ ပူနွေးသည့် ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ကမ်းခြေမှ တိုက်ခတ်လာသောလေများနှင့် စုဆုံပြီးလေထုမငြိမ်မသက်ဖြစ်၍ အထက်သို့တက်ကာ မိုးတိမ်တောင်များ ဖြစ်ပေါ်လာပါသည်။ ထိုမှတစ်ဆင့် အထက်လေထုလွှာတွင် အရှေ့လေစီးကြောင်းဖြင့် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေသို့ ရောက်သောအခါ စိုက်ဆင်းလေများအဖြစ် ပြန်လည်ရောက်ရှိလာလေ့ရှိပါသည်။ အဆိုပါ လေလှည့်ပတ်မှု ဖြစ်စဉ်ကို "Walker Circulation" ဟု ခေါ်ဆိုပါသည်။ ထို့ကြောင့် ပုံမှန်နှစ်များတွင် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ခရစ္စမတ်ကာလအတွင်း အေးမြခြောက်သွေ့သည့် မိုးလေဝသအခြေအနေရရှိပါသည်။

ပုံ(၂) (ခ) တွင် ဖော်ပြထားသည့်အတိုင်း အယ်လ်နီညိုနှစ်များတွင် အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးလာကာ အီကွေတာတစ်လျှောက်ရှိ ကုန်သည်လေများ အားလျော့သွားပြီး အထက်လေထုလွှာတွင် "Walker Circulation" သည် ပုံသဏ္ဌာန်မမှန်တော့ဘဲ ဆဲလ်များကွဲထွက်သွားကာ တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ပုံမှန်အေးမြခြောက်သွေ့သည့် မိုးလေဝသဖြစ်စဉ်များအစား ပူနွေးစိုစွတ်သည့်ဖြစ်စဉ်များ အစားထိုးဝင်ရောက်လာပါသည်။

**အယ်လ်နီညိုပြင်းအား အဆင့်သတ်မှတ်ပုံ**

အယ်လ်နီညိုဖြစ်စဉ်၏ ပြင်းအားကို ပုံ(၃) တွင် ဖော်ပြထားသည့် NINO 3.4 ဧရိယာ၌ ဖြစ်ပေါ်နေသော ပင်လယ်ရေမျက်နှာပြင်အပူချိန်ဖြင့် သတ်မှတ်ရာ၌ နှစ် ၃၀ ပျမ်းမျှအပူချိန်ထက် (+၀.၅)ဒီဂရီဆဲလ်စီးယပ်ပိုပါက အယ်လ်နီညိုဖြစ်စဉ်ဟုလည်းကောင်း၊ ပျမ်းမျှအပူချိန်(+၀.၄)နှင့် (-၀.၄) ဒီဂရီဆဲလ်စီးယပ်တို့အကြားရှိပါက ပုံမှန်နှစ်ဟုလည်းကောင်း သတ်မှတ်ပါသည်။ ပြင်းအားအဆင့်ဆင့်၏ အသေးစိတ်ကို အောက်ဖော်ပြပါ ဇယား(၂) အတိုင်း ခွဲခြားသတ်မှတ်ပါသည်။

**အယ်လ်နီညိုရာသီစက်ဝန်းနှင့် ကြာမြင့်ချိန်**

အယ်လ်နီညိုဖြစ်စဉ်များသည် အစောဆုံး နှစ်နှစ်မှ အကြာဆုံးခုနှစ်နှစ်လျှင် တစ်ကြိမ်ကျ ဖြစ်ပေါ်လေ့ရှိပြီး အနည်းဆုံး ၉ လမှ ၁၂ လအထိ ကြာမြင့်တတ်ပါသည်။ နှစ်တစ်နှစ်၏ နှစ်လယ်လများတွင် အစပျိုးဖြစ်ပေါ်လေ့ရှိသော အယ်လ်နီညိုဖြစ်စဉ်များသည် ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေသို့ရောက်ရှိပြီး ဒုတိယနှစ်၏ ပထမနှစ်ဝက်ကာလများအတွင်း တဖြည်းဖြည်း အားလျော့သွားလေ့ရှိပါသည်။

**အယ်လ်နီညို ဖြစ်စဉ်များ၏ သက်ရောက်မှု**

အယ်လ်နီညိုဖြစ်စဉ်များသည် ကမ္ဘာအရပ်ရပ်တွင် ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များအပေါ် သက်ရောက်လေ့ရှိပါသည်။ အထူးသဖြင့် အီကွေတာနှင့်နီးသောဒေသများတွင် ပိုမိုခံစားရလေ့ရှိပါသည်။ ဥပမာအားဖြင့် ပုံ(၄)တွင် ဖော်ပြထားသည့်အတိုင်း အယ်လ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် တောင်အာဖရိကတိုက် အရှေ့ဘက်ကမ်းခြေတွင်


*စာမျက်နှာ ၁၁ သို့*

**ဇယား(၁)။ အယ်လ်နီညို၊ လာနီညာနှစ်များပြဇယား (၁၉၅၀-၂၀၂၄ခုနှစ်)**

| အယ်လ်နီညို - (၂၇) ကြိမ် | | | | လာနီညာ - (၂၅)ကြိမ် | | |
|---|---|---|---|---|---|---|
| အားနည်း (၁၁)ကြိမ် | အားအသင့်အတင့် (၇)ကြိမ် | အားကောင်း (၅)ကြိမ် | အားအလွန်ကောင်း (၃) ကြိမ် | အားနည်း (၁၂) ကြိမ် | အားအသင့်အတင့် (၆) ကြိမ် | အားကောင်း (၇) ကြိမ် |
| ၁၉၅၂-၅၃ | ၁၉၅၁-၅၂ | ၁၉၅၇-၅၈ | ၁၉၈၂-၈၃ | ၁၉၅၄-၅၅ | ၁၉၅၅-၅၆ | ၁၉၇၃-၇၄ |
| ၁၉၅၃-၅၄ | ၁၉၆၃-၆၄ | ၁၉၆၅-၆၆ | ၁၉၉၇-၉၈ | ၁၉၆၄-၆၅ | ၁၉၇၀-၇၁ | ၁၉၇၅-၇၆ |
| ၁၉၅၈-၅၉ | ၁၉၆၈-၆၉ | ၁၉၇၂-၇၃ | ၂၀၁၅-၁၆ | ၁၉၇၁-၇၂ | ၁၉၉၅-၉၆ | ၁၉၈၈-၈၉ |
| ၁၉၆၉-၇၀ | ၁၉၈၆-၈၇ | ၁၉၈၇-၈၈ | | ၁၉၇၄-၇၅ | ၂၀၁၁-၁၂ | ၁၉၉၈-၉၉ |
| ၁၉၇၆-၇၇ | ၁၉၉၄-၉၅ | ၁၉၉၁-၉၂ | | ၁၉၈၃-၈၄ | ၂၀၂၀-၂၁ | ၁၉၉၉-၀၀ |
| ၁၉၇၇-၇၈ | ၂၀၀၂-၀၃ | ၂၀၂၃-၂၄ | | ၁၉၈၄-၈၅ | ၂၀၂၁-၂၂ | ၂၀၀၇-၀၈ |
| ၁၉၇၉-၈၀ | ၂၀၀၉-၁၀ | | | ၂၀၀၀-၀၁ | | ၂၀၁၀-၁၁ |
| ၂၀၀၄-၀၅ | | | | ၂၀၀၅-၀၆ | | |
| ၂၀၀၆-၀၇ | | | | ၂၀၀၈-၀၉ | | |
| ၂၀၁၄-၁၅ | | | | ၂၀၁၆-၁၇ | | |
| ၂၀၁၈-၁၉ | | | | ၂၀၁၇-၁၈ | | |
| | | | | ၂၀၂၂-၂၃ | | |

**ဇယား(၂)။ အယ်လ်နီညို ပြင်းအားအဆင့် သတ်မှတ်ပုံဇယား**

| ပြင်းအားအခြေအနေ | အယ်လ်နီညိုနှစ်များတွင် ပုံမှန် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှ ကွာခြားချက်(ဒီဂရီ ဆဲလ်စီးယပ်) |
|---|---|
| အားအနည်းငယ် | ၀.၅ မှ ၀.၉ (ပို) |
| အားအသင့်အတင့် | ၁.၀ မှ ၁.၄ (ပို) |
| အားကောင်း | ၁.၅ မှ ၁.၉ (ပို) |
| အားအလွန်ကောင်း | ၂.၀ နှင့် အထက် (ပို) |





**ပုံ(၃)။ NINO ဧရိယာများပြပုံ**

*စာမျက်နှာ ၁၀ မှ*

မိုးခေါင်ရေရှားမှုဖြစ်စဉ်များ၊ အာရှတိုက်တောင်ပိုင်းတွင် မုတ်သုံရာသီလေကို အင်အားနည်းစေခြင်းများ၊ ပူပြင်းခြောက်သွေ့ခြင်းများကို ကြုံတွေ့ရလေ့ရှိပါသည်။

**မြန်မာနိုင်ငံနှင့် အယ်လ်နီညိုဖြစ်စဉ်**

မြန်မာနိုင်ငံတွင် အယ်လ်နီညိုဖြစ်ပေါ်သည့်နှစ်များတွင် တစ်နိုင်ငံလုံး၌ နွေကာလ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်၍ ရေရှားပါးမှုပြဿနာများ ကြုံတွေ့ရခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်း၊ မုတ်သုံလေ အင်အားနည်းခြင်း၊ မုတ်သုံလေအထွက်စောခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှုပုံမှန်အောက်လျော့နည်းခြင်းအစရှိသည့် ရာသီဥတုဆိုင်ရာ၊ မိုးလေဝသဆိုင်ရာ ပြဿနာများ ကြုံတွေ့ရလေ့ရှိပါသည်။ ဥပမာဖော်ပြရလျှင် ပုံ(၆) တွင် ဖော်ပြထားသည့်အတိုင်း ၁၉၉၇–၁၉၉၈ အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၁၉၉၈ ခုနှစ်တွင် မြန်မာတစ်နိုင်လုံး မိုးရေချိန်ပမာဏသည် ပုံမှန်နှစ်တစ်နှစ်၏ ရွာသွန်းမြဲမိုးရေချိန်ပမာဏအောက် (၂၃ ရာခိုင်နှုန်း)ခန့်လျော့နည်းရွာသွန်းခဲ့သည်။ ၁၉၉၈ ခုနှစ် ဧပြီလနှင့်မေလအတွင်း စခန်းပေါင်း ၃၀ ကျော်တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မိုးခေါင်မှု၊ သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့ခဲ့ကြရပါသည်။ ၂၀၀၉–၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ၂၀၁၀ ပြည့်နှစ်၌ အမြင့်ဆုံးအပူချိန် (၄၇.၂) ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်သစ်တင်ခဲ့ရာ ၎င်းစံချိန်သစ်သည် ထိုအချိန်က မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်းဖြစ်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပုံ(၇) တွင် ဖော်ပြထားသည့်အတိုင်း ရှမ်းပြည်နယ်ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်ခဲ့ခြင်း၊ မြန်မာနိုင်ငံ မြေလတ်ဒေသများ၌ပင် သောက်သုံးရေပြတ်လပ်ခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။




ပုံ(၄)။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အယ်လ်နီညိုနှစ်များတွင် မိုးရွာသွန်းမှုလျော့နည်းနိုင်သည့် နေရာများနှင့် မိုးပိုနိုင်သည့် နေရာများပြပုံ

၁၉၉၇–၁၉၉၈ အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်တွင် ပုံ(၅)တွင် ဖော်ပြထားသည့်အတိုင်း တစ်နှစ်တာ ပျမ်းမျှအမြင့်ဆုံးအပူချိန်သည် (၃၂.၁) ဒီဂရီဆဲလ်စီးယပ်သို့လည်းကောင်း၊ ၂၀၀၉–၂၀၁၀ အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်တာ ပျမ်းမျှအမြင့်ဆုံးအပူချိန်သည် (၃၂.၄) ဒီဂရီဆဲလ်စီးယပ်သို့လည်းကောင်း၊ ၂၀၂၃ ခုနှစ် အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်တာ ပျမ်းမျှအမြင့်ဆုံး အပူချိန်သည် (၃၂.၇) ဒီဂရီဆဲလ်စီးယပ်သို့လည်းကောင်း အသီးသီးရောက်ရှိခဲ့ပါသည်။


**○ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဇွန်လတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် လာနီညာအခြေအနေသို့ ကူးပြောင်းရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ မိုးရွာသွန်းမှု လျော့နည်းနိုင်ပြီး ခြောက်သွေ့သော အခြေအနေတွင် ရှိနိုင်**

**၂၀၂၃–၂၀၂၄ အယ်လ်နီညိုအခြေအနေ**

၂၀၂၃ ခုနှစ် ဧပြီလမှ စတင်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၂၃ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့လည်းကောင်း၊ ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့လည်းကောင်း၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့လည်းကောင်း အသီးသီးရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလနှင့် မတ်လမှစတင်ကာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအဆင့်သို့ ပြန်လည်လျော့ကျခဲ့ရာ ယခု ဧပြီလ ၂၂ ရက်နေ့တွင် ပုံ(၈) တွင် ဖော်ပြထားသည့်အတိုင်း ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အပူချိန်အထက် (+၀.၇၇၃ ဒီဂရီဆဲလ်စီးယပ်) ဖြင့် အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေ၌ ဆက်လက်တည်ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဇွန်လတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် လာနီညာအခြေအနေသို့ ကူးပြောင်းရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ မိုးရွာသွန်းမှုလျော့နည်းနိုင်ပြီး ခြောက်သွေ့သော အခြေအနေတွင် ရှိနိုင်ပါသည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာနေမှု (Global Warming)ကြောင့် (၁၈၅၀–၁၉၀၀ ပြည့်နှစ်) ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်နှင့် နှိုင်းယှဉ်ကြည့်ပါက လက်ရှိကာလ ကမ္ဘာ့ပျမ်းမျှအပူချိန်များမှာ တစ်နှစ်ထက်တစ်နှစ် ပို၍မြင့်တက်လျက်ရှိပါသည်။ အယ်လ်နီညို

*စာမျက်နှာ ၁၂ သို့*




ပုံ(၅)။ မြန်မာနိုင်ငံ၏ (၁၉၈၁ ခုနှစ်မှ ၂၀၂၃ခုနှစ်)အတွင်း နှစ်အလိုက် ပျမ်းမျှအမြင့်ဆုံးအပူချိန်ပမာဏပြပုံ







(က) (ခ)

ပုံ(၇)။ (က) ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ်ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်မှုဖြစ်ပွားခဲ့ပုံ

(ခ) ၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ မြေလတ်ဒေသများ၌ပင် သောက်သုံးရေပြတ်လပ်ခြင်းတို့ ဖြစ်ပွားခဲ့ပုံ




ပုံ(၆)။ မြန်မာနိုင်ငံ၏ (၁၉၈၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်) အတွင်း နှစ်အလိုက် ပျမ်းမျှမိုးရေချိန်ပမာဏပြပုံ




ပုံ(၈)။ NINO 3.4 ဧရိယာ၏ လက်ရှိပင်လယ်ရေမျက်နှာပြင် အပူချိန်အခြေအနေပြပုံ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဆီဆိုင် မေ ၂၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေး၊ ဘုန်းတော်ကြီးကျောင်းများ၊ ရဲစခန်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးအတွက် မေ ၂၅ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကာ ပျက်စီးသွားသော မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ ဝန်ထမ်းအိမ်ရာများ၊ ဈေးများ၊ ဇဝနာရာမစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၊ မြို့နယ်ရဲစခန်း၊ မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် ဒေသခံပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။(ယာပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့ အမှတ်(၂၄၃) ခြေမြန်တပ်ရင်း စစ်သည်လူပျို စုပေါင်းစားရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ ဆီဆိုင်မြို့ ပြန်လည်တည်ထောင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးတို့ကို ဦးစားပေးအလိုက် ဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ ဝင်ရောက်လာတော့မည်ဖြစ်၍ ဆေးရုံ၊ ဈေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို နိုင်ငံတော်နှင့်ပြည်နယ်အစိုးရအဖွဲ့တို့၏ ထောက်ပံ့မှုများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်မိရပ်ဖများကလည်း ဆီဆိုင်မြို့ ပြန်လည်တည်ထောင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆိုလာမီးများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးပြုလုပ်သော နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ သစ်တောနှင့် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများအသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမျိုးသမီးကလေးများ သင်တန်းကျောင်း စုဝေးခန်းမ၌ မေ ၂၆ ရက်က ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မန္တလေးခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမြအောင်နှင့် ရမည်းသင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းတို့က "မြန်မာနိုင်ငံ၏ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများ'' ဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးကြပြီး ကျောင်းဝင်းအတွင်း အမှတ်တရစုပေါင်းသစ်ပင် စိုက်ပျိုးသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါ်မီမီကျော်၊ ကြီးကြပ်ဆရာမ ၁၂ ဦးနှင့် ကျောင်းသူ ၆၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဇာနည်ကိုကို(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

ဖြစ်စဉ်များသည် ကမ္ဘာကြီးပူနွေးလာနေမှုအပေါ် ဆင့်ကဲလွှမ်းမိုးကာ အယ်လ်နီညိုနှစ်များတွင် အပူချိန်များ သိသိသာသာ ပိုမိုမြင့်တက်ခဲ့ရာ ပြီးခဲ့သော ၂၀၂၃ ခုနှစ်သည် အယ်လ်နီညိုနှစ်ဖြစ်ခဲ့သည့်အတွက် ကမ္ဘာ့သမိုင်းတွင် စံချိန်တင်အပူဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။ မြန်မာနိုင်ငံတွင်လည်း အယ်လ်နီညိုဖြစ်စဉ်စတင်ခဲ့သော ၂၀၂၃ ခုနှစ် ဧပြီလမှစတင်၍ ၂၀၂၄ ခုနှစ် မတ်လကုန်အထိ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်း စုစုပေါင်း (၅၉) ကြိမ်ကိုလည်းကောင်း၊ အနိမ့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်း စုစုပေါင်း (၁၈) ကြိမ်ကို လည်းကောင်း တိုင်းတာရရှိခဲ့ပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုသော် အထက်တွင်ဖော်ပြခဲ့သော အယ်လ်နီညိုဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နိုင်ဖွယ်ရှိသော ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အစွန်းရောက်လက္ခဏာများကို ပြည်သူလူထုအနေဖြင့် သိရှိနားလည်ပြီး အယ်လ်နီညိုနှစ်များတွင် ကြိုတင်သတိပြုသင့်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အယ်လ်နီညိုနှစ်များတွင် မှုမမှန်သော အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည့်အခါတိုင်း သတင်းများ/ သတိပေးချက်များ၊ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ မိမိတို့၏ လုပ်ငန်းကိစ္စအဝဝဆောင်ရွက်ကြရာ၌ မှုမမှန်သော အစွန်းရောက် မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နိုင်မှုကို ကြိုတင် သတိပြုဆင်ခြင်၍ ဆောင်ရွက်နိုင်စေရန် ဖော်ပြအပ်ပါသည်။ ။

◆ *ကျောဖုံးမှ*

ကျောင်းသူများက စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများက စနစ်တကျနှင့် စည်းကမ်းတကျ ကြည့်ရှုနိုင်စေရန် ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၄၃၆၃၁ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြပြီး kG မှ Grade 11 အထိ စာမေးပွဲများကို အတန်းစဉ်အလိုက် ဖေဖော်ဝါရီလအတွင်းက ကျင်းပပေးခဲ့ကာ ယနေ့တွင် ကျောင်းများအလိုက် အောင်စာရင်းရလဒ်များကို ထုတ်ပြန်ကြေညာပေးသည်။

ယနေ့အောင်စာရင်းများ ထုတ်ပြန်ကြေညာပေးခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချို က "Grade –5 က ဖြေဆိုသူ ၈၀၂၈၄ ဦးရှိပြီး အောင်မြင်သူ ၈၀၂၈၃ ဦးအောင်မြင်ခဲ့ပါတယ်။ Grade – 9 အနေနဲ့ ဖြေဆိုသူ ၅၂၄၀၈ ဦးရှိပြီး အောင်မြင်သူ ၅၂၃၉၉ ဦး အောင်မြင်ခဲ့ပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အခြေခံပညာကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၃၁၁ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၅ ကျောင်းရှိကြောင်း၊ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၃ ရက်မှ ၃၁ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး ဇွန် ၁ ရက်တွင် ကျောင်းများ စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

◯*ကျောဖုံးမှ*

အနိုင်ရပြီး အုပ်စုကိုဦးဆောင်နေသည့် ဒဂုံစတားအသင်းသည် ဒုတိယအကျော့ အဖွင့်ပွဲတွင် သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် လာမည့်သုံးပွဲတွင် ဆက်လက်ရှုန်းကန်ရမည်ဖြစ်သည်။

Dagon Port အသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း အနိုင်ရလဒ်မထိန်းနိုင်သဖြင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

၃၈ မိနစ်တွင် မိုဂူက Dagon Port အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဒဂုံစတားအသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ဇော်ရဲထွန်းက သွင်းယူခဲ့သည်။ Dagon Port အသင်းသည် ယခုပွဲ သရေကျခဲ့သော်လည်း လက်ကျန် သုံးပွဲအလိုတွင် လေးမှတ်သာရသေးသဖြင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၁၃၊ ၈၄ မိနစ်တွင် အောင်မိုးထွေး (၁)၊ မိနစ် ၇၀ တွင် သန်းတိုးအောင်၊ ၇၂ မိနစ်တွင် ကောင်းထက်အောင်၊ ၈၆ မိနစ်တွင် ဖွဲမာန်သာ၊ ၉၀+၃ မိနစ်တွင် နေမိုးနိုင်တို့က သွင်းယူခဲ့သည်။ အုပ်စု (ဂ) တွင် ဒဂုံစတားအသင်းက ငါးပွဲကစား ၁၃ မှတ်၊ ဟံသာဝတီအသင်းက ငါးပွဲကစား ကိုးမှတ်၊ ရှောဝတီအသင်းက လေးပွဲကစား ကိုးမှတ်၊ Dagon Port အသင်းက ငါးပွဲကစား လေးမှတ်ရထားပြီး ငွေကြယ်ပွင့်အသင်းမှာမူ ငါးပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

မေ ၂၈ ရက် **(ယနေ့)** တွင် တက္ကသိုလ်ကွင်း၌ ရက္ခပူရယူနိုက်တက်နှင့် အား/ကာသိပ္ပံ၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**


**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**

**ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ကင်ဆာရောဂါရှိသည်ဟု ကြေညာပြီးနောက်ပိုင်း ချားလ်ဘုရင် အများပြည်သူရှေ့ တာဝန်ပြန်လည် ထမ်းဆောင်မည်



ဗြိတိန်ဘုရင်ချားလ်ကို ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်တွင် ဝင်ဆာရဲတိုက်၌ တွေ့ရစဉ်။

**လန်ဒန် မေ ၂၇**

ဗြိတိန် ချားလ်ဘုရင်သည် ကင်ဆာရောဂါကုသမှုခံယူခြင်းမှ ပြန်လည် သက်သာလာပြီးနောက် လာမည့်သီတင်းပတ်မှစတင်ကာ အများပြည်သူရှေ့ ပြန်လည်ထွက်ပေါ်၍ တာဝန်များ ထမ်းဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

ချားလ်ဘုရင်နှင့် ၎င်း၏ မိဖုရားဖြစ်သူ ကင်မီလာတို့သည် ဧပြီ ၃၀ ရက်တွင် ကင်ဆာရောဂါကုသမှုဌာနသို့ သွားရောက်ကာ ကျန်းမာရေး ဝန်ထမ်းများ၊ လူနာများနှင့် တွေ့ဆုံမည်ဟု ဘာကင်ဟမ် နန်းတော်က ကြေညာထားသည်။ အသက် ၇၅ နှစ်ရှိပြီဖြစ်သော ချားလ်ဘုရင်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက လန်ဒန်မြို့ရှိဆေးရုံသို့ တက်စဉ် ကင်ဆာရောဂါ ခံစားနေရကြောင်း သိရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစတင်ကာ ဆေးကုသမှုခံယူစဉ်အတွင်း အများပြည်သူရှေ့ ထမ်းဆောင်ရမည့် တာဝန်များကို ရွှေ့ဆိုင်းထားရန် ဆရာဝန်များက အကြံပြုထားသည်။ ရောဂါကုသမှုခံယူပြီး တိုးတက်မှုများ ရှိလာသည့်အတွက် ဘုရင်ကြီးအနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်မည်ဟု ဆရာဝန်များက ပြောသည်။

ချားလ်ဘုရင်သည် ကင်ဆာရောဂါကုသမှုကို ဆက်လက်ခံယူမည်ဖြစ်ပြီး ဆရာဝန်၏ အကြံပြုချက်အတိုင်း လိုအပ်ပါက ၎င်း၏လုပ်ငန်းတာဝန်များကို ထိန်းညှိလုပ်ဆောင်သွားမည်ဖြစ်သည်။ ဘုရင်ကြီးသည် လာမည့်လတွင် နန်းတက်ပွဲ၏ ပထမဦးဆုံး နှစ်ပတ်လည်ကို ကျင်းပမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့ ဇွန်လနှောင်းပိုင်းတွင် ဗြိတိန်သို့သွားမည်

**တိုကျို မေ ၂၇**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့သည် လာမည့် ဇွန်လနှောင်းပိုင်းတွင် ဗြိတိန်သို့ သွားရောက်မည်ဖြစ်သည်။ ၎င်းတို့ကို ဗြိတိန်မှ ချားလ်ဘုရင်က ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်တွင် သီတင်းတစ်ပတ်ကြာ နေထိုင်မည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။ လန်ဒန်မြို့၌ ပြုလုပ်မည့်ကြိုဆိုညစာစားပွဲသို့ ဂျပန်ဧကရာဇ်တို့ ဇနီးမောင်နှံ တက်ရောက်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ဂျပန်ဧကရာဇ်အဖြစ် နန်းတက်ပြီးနောက် ဗြိတိန်သို့ တတိယအကြိမ်မြောက် သွားရောက်ခြင်းဖြစ်သည်။ ဂျပန်ဧကရာဇ် ဇနီးမောင်နှံသည် ၁၉၇၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၈ ခုနှစ်တွင် တစ်ကြိမ် ဗြိတိန်သို့ သွားရောက်ဖူးသည်။ ယခင် ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ် ၂ လက်ထက် ၂၀၂၀ ပြည့်နှစ်ကလည်း ဂျပန်ဧကရာဇ်ကို ဗြိတိန်သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။



ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကို။

သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အဆိုပါခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။ ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့သည် ဗြိတိန်ဘုရင်ချားလ် ကင်ဆာရောဂါကုသမှုခံယူသည့်အချိန်မှ စတင်ကာ ပထမဆုံး သွားရောက်သည့် နိုင်ငံတော်ဧည့်သည်များ ဖြစ်လာမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ယီမင်ဟူသီ၏ ဒုံးကျည်များ ဗြိတိန်သင်္ဘောကို ထိမှန်ကြောင်း အမေရိကန်ပြောကြား

**ဝါရှင်တန် မေ ၂၇**

ယီမင်နိုင်ငံမှ ဟူသီလက်နက်ကိုင်အဖွဲ့သည် သင်္ဘောဖျက် ဒုံးကျည်သုံးစင်းကို ယီမင်မှ ပင်လယ်နီအတွင်းသို့ ပစ်လွှတ်ခဲ့ရာ ဗြိတိန်ရေနံတင်သင်္ဘောကို ထိမှန်ခဲ့ကြောင်း အမေရိကန်စစ်တပ်က မေ ၂၆ ရက်တွင် အတည်ပြုပြောကြားသည်။

ဗြိတိန်ပိုင် အမ်ဗွီအန်ဒရိုမီဒါစတား သင်္ဘောသည် အနည်းငယ်ပျက်စီးပြီး အခြားသင်္ဘောတစ်စင်းဖြစ်သည့် အမ်ဗွီမိုင်ရှာ၏ အနီးတစ်ဝိုက်တွင်လည်း ဒုံးကျည်တစ်စင်း ကျရောက်ခဲ့သော်လည်း ထိခိုက်မှုမရှိကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ဆိုရှယ်မီဒီယာ X တွင် ထုတ်ပြန်ပြောကြားသည်။

ဗြိတိန်ရေနံတင်သင်္ဘောကို တိုက်ခိုက်သူများမှာ ၎င်းတို့ဖြစ်ကြောင်း ဟူသီသူပုန်အဖွဲ့က မေ ၂၇ ရက် အစောပိုင်းတွင် ကြေညာ ထားသည်။ ၎င်းတို့၏ ရေတပ်တပ်ဖွဲ့များသည် မေ ၂၆ ရက်က ပင်လယ်နီအတွင်း ဗြိတိန်ရေနံတင်သင်္ဘောကို ရေတပ်ဒုံးကျည်များစွာဖြင့် ပစ်မှတ်ထားသောကြောင့် တိုက်ရိုက်ထိမှန်ခဲ့ကြောင်း ဟူသီလက်နက်ကိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရာ့ဟ်ရာဆာရီရာက ပြောကြားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ လူကုန်ကူးမှုဖြစ်စဉ်အတွင်း ကလေး ၉၅ ဦးကို ကယ်တင်နိုင်ခဲ့

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် အသက်လေးနှစ်မှ ၁၂ နှစ်ဝန်းကျင် ကလေး ၉၅ ဦးကို အိမ်နီးချင်း ဘီဟာပြည်နယ်မှ တရားမဝင် လူကုန်ကူးခံရစဉ် ကယ်တင်နိုင်ခဲ့ကြောင်း ဒေသခံအရာရှိတစ်ဦးက မေ ၂၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ကလေးများကို မိဘများမပါဘဲ ဘတ်စ်ကားအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဥတ္တရာ ပရာဒေ့ရှ်ကလေးကော်မရှင်မှ တာဝန်ရှိသူများသည် တရားမဝင် လူကုန်ကူးမှုဆိုင်ရာ အကြံပြုချက်များ ရယူပြီးနောက် ကလေးငယ်များကို ကယ်တင်ခဲ့သည်။

ကယ်ဆယ်ရေး လုပ်ငန်းစဉ်ကို မေ ၂၆ ရက်က ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဂိုရက်ပူဒေသတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကလေးစုစုပေါင်း ၉၅ ဦး ပါဝင်ပြီး ၎င်းတို့ထဲမှ အများစုမှာ ၎င်းတို့ကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားမှန်းမသိရကြောင်း ပြောသည်။ ၎င်းတို့၏မိဘများထံ ဆက်သွယ်ထားပြီး မကြာမီ ကလေးများကို ပြန်လည်လွှဲပြောင်းပေးသွားမည်ဟု ဒေသခံကလေးသူငယ် စောင့်ရှောက်ရေးကော်မတီမှ ဆာဗက်ရှ် အဝက်စ်သီက ပြောသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ မြေပြိုမှုဖြစ်ပွား၊ လေးဦးသေဆုံး

**ကဘူးလ် မေ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းလာ့မန်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားသဖြင့် လေးဦးထက်မနည်း သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မူတီအက်ဒယ်မာတင်းခါနီက မေ ၂၇ ရက်တွင် ပြောကြားသည်။

ကဘူးလ်မြို့မှ အရှေ့ပိုင်းပြည်နယ်များသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ဒါရွန်တာဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း နေရာအများအပြားတွင် ကြာသပတေးနေ့မှစကာ မိုးရွာသွန်းခြင်းနှင့် နှင်းကျခြင်းတို့ဖြစ်ပွားလျက်ရှိကြောင်း၊ လာမည့်ရက်များတွင်လည်း နှင်းကျခြင်း၊ နေရာကွက်ကြား မိုးရွာသွန်းခြင်းနှင့် ရုတ်တရက်ရေကြီး ရေလျှံခြင်းတို့ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း အာဖဂန်နစ္စတန် မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## လွတ်ငြိမ်းချမ်းသာခွင့် ကမ်းလှမ်းချက်ကြောင့် ဆိုမာလီယာ၌ အယ်လ်ရှာဘတ်လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၀၀ ကျော် လက်နက်ချ

**မိုဂါဒစ်ရှူး မေ ၂၇**

ဆိုမာလီယာသမ္မတ ဟတ်ဆန်ရှိတ်ခ်မိုဟာမက်၏ လွတ်ငြိမ်းချမ်းသာခွင့် ကမ်းလှမ်းချက် ထုတ်ပြန်အပြီးတွင် အယ်လ်ရှာဘတ် စစ်သွေးကြွဦးရေ ၁၀၀ ကျော် လက်နက်ချကြောင်း ဆိုမာလီအစိုးရက မေ ၂၇ ရက်တွင် အတည်ပြုထုတ်ပြန်သည်။

**လက်နက်ချရန်လက်ခံ**

အယ်လ်ရှာဘတ် အစွန်းရောက်အဖွဲ့ ဆန့်ကျင်ရေးတိုက်ပွဲများ တစ်နိုင်ငံလုံး ပြင်းထန်လာချိန်တွင် ဆိုမာလီအမျိုးသားတပ်မတော် (အက်စ်အင်န်အေ) တပ်ဖွဲ့များသည် ပြည်နယ်ဒေသလေးခုမှ စစ်သွေးကြွများ လက်နက်ချရန် မကြာသေးမီက လက်ခံ ဆောင်ရွက်ခဲ့ကြောင်း ပြန်ကြားရေး၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အယ်လ်ရှာဘတ် ခေါင်းဆောင်များအပါအဝင် စစ်သွေးကြွ ၁၀၀ ခန့်သည် ဂဲလ်မူဒစ်၊ ဟိုက်ရှာဘဲလ်လီနှင့် ဘာနာဒီယာစသည့် ဒေသများ၌ လက်နက်ချခဲ့သည်ဟု ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးတွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

**လွတ်ငြိမ်းခွင့်ကြေညာခဲ့**

သမ္မတ မိုဟာမက်သည် အယ်လ်ရှာဘတ် စစ်သွေးကြွများအား စစ်မြေပြင်မှ ဖယ်ရှားခြင်းဖြင့် အစွန်းရောက်အဖွဲ့များ ပိုမိုအားနည်းသွားစေမည့် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**



အယ်လ်ရှာဘတ်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်များ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် ဆန်၊ ဆီ၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



**မော်လမြိုင် မေ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ မတ် ၂၈ ရက်မှ စတင်၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရသော ကျေးရွာသူ ကျေးရွာသားများအား ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓမ္မသကျေးရွာ ဓမ္မသကျောင်းဟောင်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ကြပြီး လတ်တလော နယ်မြေအခြေအနေအရ မိမိတို့၏ နေရပ်ကျေးရွာများကို စွန့်ခွာတိမ်းရှောင်လာကြသည့် မိသားစုများကို တွေ့ဆုံအားပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ၊ အိမ်ဆောက်ပစ္စည်းနှင့် ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးအား ပေးအပ်ခဲ့ကြရာ ကျေးရွာသူ ကျေးရွာသားများက လက်ခံရယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဓမ္မသကျေးရွာအတွင်း ပျက်စီးယိုယွင်းခဲ့သော နေအိမ်အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (အပေါ်ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာနေပြည်သူများ မိမိတို့နေအိမ်များသို့ အမြန်ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်များအား ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၇၀၊ ဆီပိဿာ ၁၁၀၊ ဆားပိဿာ ၈၀၊ အသင့်သုံးအစားအစာ ခေါက်ဆွဲခြောက်ဖာ ၈၀ ၊ ငါးသေတ္တာများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ကော့ကရိတ်မြို့အတွင်း ပြည်သူများပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ တာဝန်ရှိသူများက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေး

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် တိုက်ပွဲဖြစ်စဉ်များကြောင့် မြို့နေပြည်သူလူထုသည် ဘေးလွတ်ရာ ဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှု အားကောင်းလာပြီဖြစ်သည့်အတွက် မေ ၂၇ ရက် နံနက်ပိုင်းမှစ၍ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လာကြရာ တာဝန်ရှိသူများက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကော့ကရိတ်မြို့အတွင်း အများပြည်သူအေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကော့ကရိတ်မြို့အတွင်း ထိခိုက်ပျက်စီးမှုများ၊ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ လုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးခြင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေအိမ်မီးလောင် ပျက်စီးဆုံးရှုံး အိမ်ထောင်စုများအား နေရာချထားပေးနိုင်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ဆန်ရိက္ခာများ၊ ကယ်ဆယ်ရေးပစ္စည်းများ စုပုံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နေရပ်ပြန်လည်နေထိုင်သည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ အလုပ်သမားနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၇**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့အထိမ်းအမှတ်အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် အင်းစိန်ခရိုင်(ပြန်/ဆက်)ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယကဆရာကြီး ဦးရန်နောင်နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်တို့က အမှာစကားများ ပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဝင်များက ဆွေးနွေးဟောပြောကြပြီး တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပေါက်ခေါင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများပေးအပ်

**ပေါက်ခေါင်း မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မေ ၂၅ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကျေးရွာအုပ်စုကိုးအုပ်စုမှ အမိုးလန် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ အမိုးလန်နေအိမ် ၂၄၄ လုံးနှင့် ပြိုလဲနေအိမ် ၁၃ လုံးအတွက် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေ၊ ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် လူနေအိမ် ၂၄၄ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ၁၂၂၀၀၀၀၀၊ ပြိုလဲနေအိမ် ၁၃ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ၁၃၀၀၀၀၀ နှင့်ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါပုံး ၁၃ ပုံးနှင့် လေဘေးသင့် လူဦးရေ ၈၁၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၁၇၈၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၂၁၇၈၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးယုနောင်နှင့် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ လေဘေးသင့်မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်ဆည် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ မေ ၂၄ ရက်က လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် မြို့ကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံးပျက်စီးခဲ့ပြီး အဆိုပါပျက်စီးခဲ့သည့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် ဦးဖိုးထူး၏ နှစ်ထပ် ထရံကာ သွပ်မိုး လူနေအိမ် ပြန်လည်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၅၀၀၀၀၊ မိသားစုဝင် ငါးဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၅၀၀ စုစုပေါင်း ငွေကျပ် ၆၀၅၀၀ နှင့် ဦးဇော်ထွန်း၏ တစ်ထပ် ထရံကာ သွပ်မိုး လူနေအိမ်ပြန်လည်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၅၀၀၀၀၊ မိသားစုဝင် လေးဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာဖိုးငွေကျပ် ၈၄၀၀ စုစုပေါင်း ငွေကျပ် ၅၈၄၀၀ ကို ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးဆွေနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၂၇** – ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အားပေးမြှင့်တင်ရမည့် မြန်မာ့ရိုးရာချည်ထည် ...

"ချည်ထည်လေးက ဝတ်လို့ကောင်းတယ်၊ အေးလည်းအေးတယ်၊ တာရှည်လည်း ခံတယ်၊ ဈေးနှုန်းလည်း သက်သာတယ်၊ အပေအတေ အကြမ်းလည်းခံတယ်၊ ဒါ့ကြောင့် ချည်ထည်လေးတွေကို ရှာဖွေဝယ်ယူ ဝတ်ဆင်ပါတယ်" ဟု မြန်မာချည်ထည် လေးများကိုသာ အမြဲလိုလိုဝတ်ဆင်တတ်သည့် ကျွန်တော့်မိတ်ဆွေဖြစ်သူက ရိုးရာချည်ထည်ကို သူနှစ်သက်ရသည့်အကြောင်းကို အားပါးတရ ရှင်းပြပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်ဇနီး ဝယ်ယူဆင်မြန်းပေးထားသည့် ချည်ထည်လေးတချို့ကို တစ်ခါတစ်ရံ ဝတ်ဆင်ရသည့်အခါမှာ သဘောကျ နှစ်ခြိုက်မိသည်။

မောင်ငြိမ်းအေး



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းမှ နပျင်းချည်ထည်လုပ်ငန်း။ ဓာတ်ပုံ-ကျော်စွာ (ပြန်/ဆက်)

### ဂုဏ်ယူဖွယ်ရာ

ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာချည်ထည်ဆိုင်ကလေးများကို ရှားရှားပါးပါး တွေ့နိုင်ခဲ့သည်။ နိုင်ငံခြားဖြစ် အဝတ်အစားအထည်ဆိုင်များသာ အများအားဖြင့် နေရာယူထားသည်။ ပြည်ပမှ တင်သွင်းလာသည့် နိုင်လွန်အထည်များမှာ ဆန်းပြားလှပ ညက်ညောလှသဖြင့် လူအများအတွက် သုံးလေ့သုံးထဖြစ်နေသည်မှာ မဆန်းပေ။ သို့သော် မြန်မာ့ရိုးရာ ချည်ထည်လေးများကို နှစ်သက်မြတ်နိုးတန်ဖိုးထားသော ကျွန်တော့်မိတ်ဆွေကဲ့သို့ လူတန်းစားတစ်ရပ်ရှိနေသည်မှာ ထူးဆန်းသလိုတော့ ဖြစ်မိသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင်စိုက်၊ မြန်မာနိုင်ငံမှာ ချည်ငင်၊ မြန်မာနိုင်ငံမှာ ရက်လုပ်သည့် ချည်ထည်အဝတ်အစားလေးများကို ဝတ်ဆင်ရခြင်းသည်ပင် ဂုဏ်ယူဖွယ်ရာဟု ဆိုလိုက်ချင်သည်။

ယခုလို ပူပြင်းလှသော နွေရာသီကာလတွင် မြန်မာ့ရိုးရာချည်ထည်လေးများသည် အမြတ်တနိုးတန်ဖိုးထားစရာပင်ဖြစ်သည်။ သို့သော် ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်တော့ မရှိပေ။ အလုံအလောက် မထုတ်လုပ်နိုင်၍လား၊ မကြိုက်နှစ်သက်၍လား ကျွန်တော်သေချာမသိ။ ပူပြင်းသည့် မြန်မာပြည်အလယ်ပိုင်းနှင့် အညာဒေသများမှာမူ နပျင်းထည်ဟုခေါ်သည့် မြန်မာ့ရိုးရာ ချည်ထည်စစ်စစ်လေးများကို တန်ဖိုးထား ဝတ်ဆင်ကြသည်ကို မြင်တွေ့နိုင်သည်။ ချည်ထည်စစ်စစ်ဆိုလျှင် နပျင်းထည်ဟု ပြောပါက အားလုံးသိကြသည်။ ရှေးအစဉ်အဆက် ချည်ထည်ရက်လုပ် ချုပ်လုပ်ရောင်းဝယ် ဖောက်ကားခဲ့သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းမှ နန်းမြင့် သို့မဟုတ် နပျင်းရွာကလေးကိုအကြောင်းပြုသည့် နပျင်းထည်များသည် လူသိများထင်ရှားလှသည်။

### ခေတ်နှင့်အညီ ချုပ်လုပ်

ပုဂံရှေးဟောင်းဒေသသို့ အလည်အပတ်လာရောက်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် ချည်ထည်စစ်စစ်ဖြစ်သည့် နပျင်းထည်များကို ဝယ်ယူအားပေးလေ့ရှိသည်။ တကယ်တော့ ချည်ထည်စစ်စစ်တစ်ထည်ဖြစ်လာဖို့ဆိုသည်မှာ လွယ်ကူလှသည့်အလုပ် မဟုတ်ပေ။ ချည်ထည်ဖြစ်လာဖို့အတွက် ချည်စက်ရုံများထံမှ ချည်များကို မှာယူပြီး ချည်ပုတ်ခြင်း၊ ဆေးဆိုးခြင်း၊ ချည်စာထည့်ခြင်း၊ ကော်စာလှမ်းခြင်းစသည့် လုပ်ငန်းအဆင့်ဆင့် လုပ်ကိုင်ရသည်။ ပြီးသည့်နောက် ရက်ကန်းရုံတွင် ရက်ကန်းခတ်ကာ ချည်ခြခြင်းအလုပ်ကို လုပ်ကြရသည်။ ထို့နောက် ရက်ကန်းချည်မှ အဖောက်ချည်ဆိုသည့် ချည်ခွက်နှင့်ညီအောင် ချည်ထည်များကို ဖန်တီးကြရသည်။ ဖန်တီးပြီးမှ ခေတ်နှင့်အညီ အထည်ချုပ်လုပ်ရသည်။

ရိုးရာလက်ဖြစ် ချည်ထည်လုပ်ငန်းများကို များသောအားဖြင့် ကျေးလက်ဒေသနေ အမျိုးသမီးများက လုပ်ကိုင်ကြသည်။ အညာကျေးလက်ဒေသများတွင် ချည်ထည်လုပ်ငန်းများ အောင်မြင်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာပါသည်။ ယခင်က ဝါစိုက်ပျိုးပြီး ဝါဂွမ်းကို ဒိုင်များတွင် ရောင်းလိုက်လျှင် ဖြစ်ဖြစ်၊ ချည်ငင်ပြီး ချည်ကိုရောင်းလိုက်လျှင်ဖြစ်ဖြစ် ကိစ္စပြီးခဲ့ကြသော်လည်း ယခုအခါမှာ အထည်အဆင့်ကို ရောက်လာမည့် ရက်ကန်းလုပ်ငန်းများ၊ ချည်ထည်များကို အဝတ်အထည်အဆင့် ချုပ်လုပ်သည့် လုပ်ငန်းများပါ လုပ်ကိုင်လာကြသည့်အတွက် နောက်ဆုံးအဆင့် ချည်သင်ခြင်း၊ ကြယ်သီးတပ်ခြင်း၊ ထုပ်ပိုးခြင်းမှအစ မိသားစုဝင်များပါ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာနိုင်ကြသည်ကို တွေ့ရသည်။

### လူကြိုက်များလာ

ခေတ်မီတိုးတက်လာသည့် ကာလတွင် စက်ရက်ကန်းများ ပေါ်ပေါက်လာပြီး အထည်ချုပ်လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ကြသော်လည်း စက်ရက်ကန်းမှ ထုတ်လုပ်သည့် ချည်ထည်နှင့် လက်ရက်ကန်းမှ ထုတ်လုပ်သည့် ချည်ထည်များ၏ အရည်အသွေး ကွာခြားနေသည်ကို တွေ့ရသည်။ လက်ရက်ချည်ထည်များသည် အမြင်အားဖြင့် ကြမ်းသော်လည်း ချည်စာထည့်ထားသည့်အတွက် ဝယ်ယူဝတ်ဆင်ပြီး တစ်ရေနှစ်ရေ လျှော်ပြီးသည်နှင့် ပိတ်သားအိပြီး ချောမွေ့သွားကာ အေးမြသည့်ခံစားမှုကို ရရှိသည့်အတွက် ဝတ်ဆင်သူတို့ ကြိုက်နှစ်သက်မှုများလာသည်။

ချည်ထည်စစ်စစ်သည် ကောင်းခြင်းဖုံဖုံ ပြည့်စုံနေသော်လည်း မြန်မာ့ရိုးရာ ချည်ထည်ထုတ်လုပ်သူအများစုသည် တစ်ပိုင်တစ်နိုင် ထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်များသာ ဖြစ်ကြသည်ကို တွေ့ရသည်။ ပြည်တွင်း ချည်ထည်ထုတ်လုပ်သူများက စွန့်ဦးတီထွင်ကြပြီး နူးညံ့သည့် ပိတ်သားများဖြစ်လာအောင် ပေါင်းခံခြင်း၊ လူအများကြိုက်နှစ်သက်မည့် အကွက်၊ အဆင်၊ ဒီဇိုင်းများဖြင့် ထုတ်လုပ်လာကြသဖြင့် လူကြိုက်များလာခြင်းဖြစ်သည်။

### ပြည်ပအထိ ထိုးဖောက်

နန်းမြင့်ရွာမှ ချည်ထည်လုပ်ငန်းပိုင်ရှင်က **"ကျွန်တော်တို့အနေနဲ့ ဈေးကွက်ဝင်အောင် တီထွင်ဖန်တီးကြိုးစားလုပ်ကိုင်နေပေမယ့် နိုင်ငံတော်က အတိုးနှုန်းသက်သာစွာနဲ့ ငွေချေးရင် လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာ ချည်ထည်တွေကို နိုင်ငံခြားတိုင်းပြည်တွေက ကြိုက်နှစ်သက်တော့ ပြည်ပအထိ တင်ပို့မယ်ဆိုရင် နိုင်ငံတော်အစိုးရကိုယ်တိုင် ဦးစီးဦးဆောင်ပြုပြီး ဆောင်ရွက်မှသာ အဆင်ပြေမယ်လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးလက်လုပ်ငန်းရှင်တွေ အနေနဲ့ ပြည်ပအထိ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်မယ့် မျက်စိမပွင့်သေးပါဘူး"**ဟု ပြောကြားသည်။ ယခုအခါတွင် ခေတ်နှင့်အညီ ချည်ထည်လုပ်ငန်းများလည်း ပွင့်လင်းလာပြီဖြစ်၍ နိုင်ငံတကာအထိ ထိုးဖောက်ဖြန့်ချိနိုင်အောင် လုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်းရှင်တစ်ဦးကလည်း **"မြန်မာ့ရိုးရာချည်ထည်တွေကို ဒီဇိုင်းအမျိုးမျိုးနဲ့ ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် ရောင်းချနေပြီဖြစ်ပါတယ်။ နိုင်ငံတကာ ဈေးကွက်အထိရောက်အောင် တွင်ကျယ်ဖို့ဆိုရင်တော့ မြန်မာ့ရက်ကန်းလုပ်ငန်းတွေ ပိုပြီးတိုးတက်လာအောင် ဒီထက်ပိုပြီး အားပေးဖို့လိုပါတယ်။ အရင်တုန်းက ရိုးရာချည်ထည်တွေဟာ အမြင်အားဖြင့် ကြမ်းတမ်းပြီး ရေလျှော်ရင် ကျုံ့လို့ စိတ်ဝင်စားမှုနည်းပါးခဲ့ပါတယ်။ နောက်ပိုင်းမှာ ခေတ်မီလာတော့ ချည်တွေကို ပေါင်းပြီးမှ ရက်လုပ်တော့ ရေလျှော်ရင် ကျုံ့တာမရှိတော့ဘဲ ချောမွေ့လာပါတယ်။ အဆင်ဒီဇိုင်း ဆန်းပြားလာတော့ လူတွေ ကြိုက်နှစ်သက်လာပြီး ဈေးကွက်ကျယ်ပြန့်လာပါတယ်။ အခုဆိုရင် နိုင်ငံခြားအတွက်မှာယူပြီး တစ်ဆင့်ရောင်းသူတွေ ရှိလာပါတယ်**"ဟု ပြောပြသည်။

### အကျိုးစီးပွားဖြစ်ထွန်း

ပြည်တွင်း၌ ဝါသီးနှံ အလုံအလောက်ထွက်ရှိသော်လည်း ပြည်တွင်းကြိုက် ချည်သား၊ ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ချဲ့ထွင်မှုများ အားကောင်းလာအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်လျက်ရှိသည်။ လက်ရှိတွင် အမြင်ဆန်း လှပသည့် ပြည်ပမှ တင်သွင်းနေသော ချည်ထည်များကို မြို့ပြဒေသမှ ပြည်သူများက အများဆုံး ဝယ်ယူဝတ်ဆင်ကြသည်။ ထို့ကြောင့်လည်း ပြည်ပမှ ချည်မျှင်နှင့်အထည်များ နှစ်စဉ်ဝယ်ယူတင်သွင်းနေရသည်။ ပြည်တွင်း၌ ဝါနှင့်ချည်ကို ထုတ်လုပ်နိုင်သော်လည်း ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေယိုပေါက်ဖြစ်ပြီး အပိုကုန်ကျစရိတ်များလျက်ရှိသည်။ ယခုကဲ့သို့ ပြည်တွင်းထုတ်ချည်ထည်များကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ပြီး အဆင့်မြှင့်တင်ထုတ်လုပ်နိုင်မည်ဆိုလျှင် တိုင်းပြည်အတွက် အကျိုးစီးပွား များစွာဖြစ်ထွန်းလာမည်မှာ သေချာနေပါသည်။

**"ချည်ထည်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေမှာ တတ်နိုင်တဲ့ စွမ်းအားတွေ အပြည့်အဝမရှိသေးပါဘူး။ ဒါကို နိုင်ငံတော်က အားပေးအားမြှောက် ပြုလုပ်ပေးပြီး ဝိုင်းဝန်းဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးမယ်ဆိုရင် မြန်မာနိုင်ငံမှာ ဝါနဲ့ဝါထွက်ပစ္စည်းတွေ၊ အထည်အလိပ်လုပ်ငန်းတွေ၊ အထည်ချုပ်လုပ်ငန်းတွေ အားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာမှာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်ပါတယ်"** ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲက ဝါစိုက်ပျိုးရေးနှင့်ချည်ထည်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာရေးအတွက် မကြာခဏ လမ်းညွှန်မှာကြားပြီး အားပေးကူညီနေသည်ကို ကြားသိနေရသည်။

### လမ်းညွှန်မှာကြား

၂၀၂၄ ခုနှစ် မတ်လ ၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို သတိပြုမိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့သည့် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့်အသားနို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင်လည်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျ ထုတ်လုပ်နိုင်မှုမရှိသေးကြောင်း ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က ပြုလုပ်သည့်

*စာမျက်နှာ ၁၇ သို့*

**"ပြည်တွင်း၌ ဝါသီးနှံ အလုံအလောက်ထွက်ရှိသော်လည်း ပြည်တွင်းကြိုက် ချည်သား၊ ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ချဲ့ထွင်မှုများ အားကောင်းလာအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်လျက်ရှိသည်။ လက်ရှိတွင် အမြင်ဆန်း လှပသည့် ပြည်ပမှ တင်သွင်းနေသော ချည်ထည်များကို မြို့ပြဒေသမှ ပြည်သူများက အများဆုံး ဝယ်ယူဝတ်ဆင်ကြသည်။ ထို့ကြောင့်လည်း ပြည်ပမှ ချည်မျှင်နှင့်အထည်များ နှစ်စဉ်ဝယ်ယူတင်သွင်းနေရသည်။ ပြည်တွင်း၌ ဝါနှင့်ချည်ကို ထုတ်လုပ်နိုင်သော်လည်း ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေယိုပေါက်ဖြစ်ပြီး အပိုကုန်ကျစရိတ်များလျက်ရှိသည်"**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ညောင်ဦးမြို့နယ်မှ ရွာ ၃၀ ၌ ကြိုတင်ငွေပေး ရေမီတာသုံးစနစ်ဆောင်ရွက်လျက်ရှိ

**ညောင်ဦး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွေရာသီကာလတွင် မြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့်ရရှိနိုင်ရေးအတွက် နတ်သမီးကမ်းပါး ကျေးလက်မြစ်ရေတင်စီမံကိန်းအတွင်းမှ ကျေးရွာများ၌ ကြိုတင်ငွေပေးချေ ရေမီတာသုံးစနစ် (Prepaid Water Meter) ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးရွာအရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးလက်မြစ်ရေတင်စီမံကိန်းဖြင့် ကျေးရွာများသို့ မြစ်ရေဖြန့်ဝေပေးရာတွင် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာရယူသုံးစွဲနိုင်ရေးအတွက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကြိုတင်ငွေပေးချေ ရေမီတာသုံးစနစ် တပ်ဆင်အသုံးပြုလျက်ရှိသည့် ညောင်ဦးမြို့နယ် တောင်ရှေ့ကျေးရွာ၊ တောင်ပုံဝကျေးရွာ၊ ရှင်မိန်ကျေးရွာ၊ထနောင်းစုကျေးရွာ၊ ကံကြီးကုန်းကျေးရွာ(မ)၊ မကျီးတန်းကျေးရွာနှင့် ကူကျေးရွာတို့မှ ဒေသခံပြည်သူများက မြစ်ရေဝယ်ယူသုံးစွဲလိုသဖြင့် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညီညီဦးနှင့် ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်ပြီး ကြိုသုံးငွေထည့်သွင်းပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ညောင်ဦးမြို့နယ်၌ နတ်သမီးကမ်းပါး ကျေးလက်မြစ်ရေတင် စီမံကိန်းအတွင်းမှ ကျေးရွာ ၁၀၅ ရွာ၌ မြစ်ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ငွေပေးချေ ရေမီတာသုံးစနစ် တပ်ဆင်၍ မြစ်ရေပေးဝေခြင်းလုပ်ငန်းကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိကျေးရွာပေါင်း ၃၀ ၌ ကြိုတင်ငွေပေးချေ ရေမီတာသုံးစနစ် ၃၁ လုံးကို အောင်မြင်စွာ တပ်ဆင်ဆောင်ရွက် ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အခြားသော ကျေးလက်မြစ်ရေတင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ကြိုတင်ငွေပေးချေ ရေမီတာသုံးစနစ်များ မှာယူသုံးစွဲလိုပါက မိမိတို့သုံးစွဲလိုသည့် ရေယူနစ်ပမာဏကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၌ လာရောက်ချိတ်ဆက် ဆောင်ရွက်နိုင်ကြောင်း သိရသည်။



**ရဲဝင်းနိုင်**
**(ညောင်ဦး)**

*စာမျက်နှာ ၁၆ မှ*

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) တွင်လည်း ဝါသီးနှံနှင့် ချည်ထည်များနှင့် ပတ်သက်၍ ထပ်မံရှင်းလင်းပြောကြားထားသည်။

မြန်မာနိုင်ငံတွင် ဝါနှင့်ချည်ထည်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဦးစွာ ဝါအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်၍ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားရန် လမ်းညွှန်ချက်နှင့်အညီ နယ်မြေဒေသ ဇုန်အလိုက် ဝါသီးနှံအထွက်တိုးရေး အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။ လက်ရှိတွင် ဝါစိုက်ဧကေငါးသိန်းရှိပြီး တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုပါက ပြည်ပမှ ချည်နှင့်ချည်ထည်ပစ္စည်းတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်၍ တိုင်းပြည်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွင်းရှိ လူဦးရေ သန်း ၅၀ အတွက် တစ်ဦးလျှင် ချည်ပိတ် ကိုက် ၃၀ ခန့် အသုံးပြု၍ရနိုင်မည်ဖြစ်သည်။

### ဝိုင်းဝန်းကြိုးပမ်း

ယခုအခါ ပြည်တွင်း၌ ထွက်ရှိသည် ဝါကုန်ကြမ်း ဝါဂွမ်းကို ဗိုင်းငင်ပြီး ချည်ရစ်ကာ ရက်ကန်းခတ်သည့် အသေးစား လုပ်ငန်းလေးများအဖြစ် တွင်ကျယ်သည့် အဆင့်သာ ရှိသေးသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအတွက် ထွက်ရှိလာသော ဝါကုန်ကြမ်းများကို ကုန်ချော ချည်နှင့် ပိတ်များထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုအပ်သည်။ ပြည်တွင်းထုတ်ချည်ထည်များ ကောင်းမွန်ပါလျက်နှင့် အဆင့်မြင့်တင် ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်သေးသဖြင့် ဝတ်ရေးနှင့်ပတ်သက်၍ ဖူလုံသင့်သလောက် ဖူလုံမှုမရှိဘဲ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဝါအထွက်နှုန်း တိုးတက်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်နှင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အဆင့်မီသည့် ချည်နှင့်ချည်ထည်များကို ထုတ်လုပ်နိုင်လျှင် မြန်မာနိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ တိုးတက်ထွန်းကားလာပြီး နိုင်ငံအတွက်လိုအပ်သည့် အဝတ်အထည်များကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာ အရည်အသွေးကောင်းသော (A) အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးရန်လိုကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်းဖိတ်ခေါ်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဝါသီးနှံကို စိုက်ပျိုးကြပြီး ထွက်ရှိလာသည့်ဝါဂွမ်းများကို စက်မှုဝန်ကြီးဌာနမှ ဝါကြိတ်စက်ရုံ ၁၆ ရုံနှင့် ပုဂ္ဂလိကကဏ္ဍမှ ဝါကြိတ်စက်ရုံ ၁၈၁ ရုံတို့က ကြိတ်ဝါးပေးကြသည်။ အစိုးရ၏ ချည်မျှင်နှင့် အထည်စက်ရုံ ၁၂ ရုံရှိပြီး ပုဂ္ဂလိကသို့ ငှားရမ်းထားသည့် စက်ရုံနှစ်ရုံရှိသည်။ ပုဂ္ဂလိကတွင် စက်ရုံ ကိုးရုံရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ချည်မျှင်နှင့်အထည်စက်ရုံ ၂၃ ရုံဖြင့် လည်ပတ်နေသည်။

### မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ဝါသီးနှံကို ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် ဝါဂွမ်းကုန်ကြမ်းများအနက် အချို့ကို ပြည်ပသို့တင်ပို့လျက်ရှိပြီး အချို့ကို ပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်း သိရသည်။ ဝါကုန်ကြမ်းများကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဝါကြိတ်စက်ရုံများ၌ ကြိတ်ခွဲထုတ်လုပ်နိုင်မှုတွင် ဝါကြိတ်စက်များတွင် လိုအပ်ချက် များစွာရှိသည်။ ထို့ကြောင့် ပြည်ပမှ ချည်နှင့်ပိတ်များကို နှစ်စဉ်ပမာဏများစွာ တင်သွင်းနေရသည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် အဆင့်မီသည့် ဝါဂွမ်းများ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ ချည်နှင့်အထည်ပိတ်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်လှသဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်နိုင်မှုတို့ကို မျှော်လင့်နေကြသည်။

**"တောင်းမှာအကွပ် လူမှာအဝတ်"** ဆိုသကဲ့သို့ အဝတ်အစားသည် အရေးပါသည့်ကုန်ပစ္စည်းဖြစ်သည်။ ဝတ်ဆင် ဆင်မြန်းရာတွင် ကောင်းမွန်လှသည့် ပြည်တွင်းထုတ်ချည်ထည်လေးများ ပြည်တွင်း၌ အလုံအလောက် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းဖြစ်ကိုသာ အားပေးကြတော့မည်ဟု ယုံကြည်မိသည်။ အဆင့်မီစွာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေး ဝါစိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးပြီး ချည်နှင့်ချည်ထည် လုပ်ငန်းများ အဆင့်မြင့်တင် တိုးတက်လာအောင် ကြိုးစားအားထုတ်ကြရတော့မည်ဖြစ်သည်။ ဆန်စပါး၊ ဆီထွက်သီးနှံတို့နှင့် အလားတူ ဝါသီးနှံသည်လည်း နိုင်ငံနှင့်ပြည်သူတို့အား များစွာအကျိုးပြုသောလုပ်ငန်းတစ်ရပ်အဖြစ် မြင်တွေ့နိုင်သည်။ ဝါသီးနှံစိုက်ပျိုးခြင်းမှ ချည်နှင့်အထည်ထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်သည် ပြည်သူများအား များစွာအကျိုးပြုလျက်ရှိသည်။

### အလုပ်အကိုင်ပေါများ

ရှေးကာလက လသာတုန်းဗိုင်းငင်ရသည့် ပြည့်စုံမှုမရှိသည့်ဘဝမှ မျက်မှောက်ကာလတွင် ခေတ်နှင့်အညီ အစစအရာရာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည်။ ဗိုင်းငင်သည့်စက်များ၊ ဝါကြိတ်စက်များ၊ ချည်ငင်စက်များ၊ အထည်ချုပ်စက်များဖြင့် အလုပ်ဖြစ်တွင်ကျယ်နေပြီဖြစ်သည်။ ဝါစိုက်ပျိုးမှုမှ ထွက်ရှိလာသည့်ဝါကို ဗိုင်းငင်ပြီး ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့် ဝါစေ့များထွက်ရှိသည်။ ဝါစေ့ကို ဆီကြိတ်သည့်လုပ်ငန်းတွင် အသုံးတည့်ပြန်သည်။ ဝါစေ့ဆီကြိတ်ဖတ်များကို တိရစ္ဆာန် အစားအစာအဖြစ် ထုတ်လုပ်နိုင်ပြန်သည်။ ဝါဂွမ်းမှ ချည်မျှင်ထုတ်လုပ်နိုင်သဖြင့် ရက်ကန်းလုပ်ငန်းများလည်ပတ်လာသည်။ ရက်ကန်းလုပ်ငန်းမှ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများတွင် အဝတ်အထည်များအဖြစ် ထုတ်လုပ်ပေးကြသည်။ ဝါသည် လုပ်ငန်းအဆင့်ဆင့်တိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများသော ကဏ္ဍတစ်ခုဖြစ်လေသည်။

တကယ်တမ်းတွင် လူပေါင်းများစွာတို့ကို ထမင်းကျွေးသော၊ အလုပ်ပေးသော ဝါစိုက်ပျိုးရေး၊ ချည်နှင့် အထည်ထုတ်လုပ်ရေး လုပ်ငန်းများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တီထွင်ကြံဆ သုတေသနပြုမှုနှင့် ကြိုးစားအားထုတ်မှုတို့ ပေါင်းစပ်လိုက်မည်ဆိုလျှင် ယခုထက် ပိုမိုထွန်းကားအောင်မြင်လာမည်မှာ သေချာနေပြီဖြစ်ပါသည်။ ။

# တောင်ရိုးတိုင်းရင်းသားကျေးရွာများ၌ သင်္ကြန်အပြီးမှစ၍ လှည့်လည်ကျင်းပနေသည့် ရိုးရာဓလေ့ တာတက်ပွဲတော်

ယဉ်လာဒ်

ရှမ်းပြည်နယ်အတွင်းမှာ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး တိုင်းရင်းသားတစ်မျိုးချင်းစီမှာ ရိုးရာဓလေ့နဲ့ ကိုယ်ပိုင်ဟန်ယဉ်ကျေးမှုတွေ ရှိကြပါတယ်။ ဒီထဲကမှ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင်ရည်ရွယ်ချက်နဲ့ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ရိုးရာဓလေ့ ပွဲတော်ကတော့ တာတက်ပွဲဖြစ်ပါတယ်။



ဧပြီ ၂၄ ရက်က ဥမင်ပေါက်ကျေးရွာ၌ ရိုးရာတာတက်ပွဲ ကျင်းပစဉ်။

**တာတက်ပွဲဆိုတာ မနု၊ တောင်ရိုး၊ ပအိုဝ်းလူမျိုးတို့ရဲ့ ရိုးရာပွဲတော်တစ်ခုလို့ ဆိုနိုင်ပါတယ်။ တာတက်ပွဲကို တစ်နည်းအားဖြင့် ပွဲဝင်တယ်လို့လည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ပွဲဝင်ခံရတဲ့ရွာရဲ့ ဘုန်းကြီးကျောင်းကို တခြားရွာတွေမှာ နေထိုင်ကြတဲ့ တောင်ရိုးတိုင်းရင်းသား လူကြီးလူငယ်မကျန် လှူဖွယ်ပစ္စည်းတွေ၊ ဆွမ်းတော်အုပ်၊ အိုးစည်ဗုံမောင်းတွေနဲ့ လာရောက်ပြီး ပွဲဝင်ကြတဲ့ ဓလေ့တစ်ခုလို့ဆိုရပါတယ်။ တစ်နှစ်တာကာလပတ်လုံး လယ်ယာလုပ်ငန်းခွင်မှာ လုပ်ကိုင်ကြတာမို့ အခုလိုပွဲတော်ကာလမှာ ဆွေမျိုးပေါင်းစုံနဲ့ ပြန်လည်တွေ့ဆုံကြရတဲ့ကာလလည်း ဖြစ်ပါတယ်**

### ကျေးရွာတွေမှာ လှည့်လည်ကျင်းပ

တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာတာတက်ပွဲ အခမ်းအနားကို သင်္ကြန်အတက်နေ့မှာ ကလော မြို့နယ်ထဲက ဝါးကြီးမြောင်ကျေးရွာကနေ စတင်ကျင်းပခဲ့ပါတယ်။ အဲဒီနောက် ဧပြီ ၁၈ ရက်မှာ ညောင်ရွှေမြို့နယ်ထဲက ကျောင်းငှက်ရွာမှာ ဆက်လက်ကျင်းပခဲ့ပါတယ်။ ဧပြီ ၂၄ ရက်မှာ ဆူးပန်းအင်းငါးရွာပေါင်းပြီး တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါတယ်။ ဧပြီ ၂၅ ရက်မှာ မိုးမခရွာမှာ ကျင်းပခဲ့ပါတယ်။ ဧပြီ ၂၇ ရက်မှာတော့ ကမ်းပါးနီကျေးရွာမှာ ကျင်းပနေပါတယ်လို့ ဘော်နင်းကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူး ဦးညိုအေးက စာရေးသူကို ပြောပြပါတယ်။

တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာတာတက်ပွဲအခမ်းအနားတွေကို သင်္ကြန်အတက်နေ့ကနေ စတင်ပြီး ကဆုန်လကွယ်ထိတိုင်အောင် ကျင်းပလေ့ရှိပေမယ့် တစ်ခါတလေမှာ နယုန်လထဲအထိလည်း ပွဲတော်ကို ကျင်းပတယ်လို့ သိရပါတယ်။ “လေးပွဲပြီးသွားပါပြီ။ ပွဲတော်ကို ထပ်လုပ်ဖို့ရှိပါသေးတယ်။ ထပ်ကျင်းပမယ့် ရွာတွေကတော့ ညောင်ရွှေမြို့နယ်ထဲက လက်မောင်းကွေးကျေးရွာအုပ်စု လက်မောင်းကွေးရွာမှာ ဒီလထဲ ဆက်ကျင်းပသွားမယ်။ လက်မောင်းကွေး၊ ဇီးယား၊ ချောင်းနီပေါက်၊ မိုးကောင်း၊ မြင်းတွင်းရွာ၊ မြတ်ဆက်မြောက်ရွာ မိုင်းလင်းပွဲ၊ ဘော်နင်းရွာဘေးနားက ညောင်ခါးရှည်ရွာ၊ ပြီးရင် ညောင်ကုန်းရွာမှာတော့ နောက်ဆုံးပွဲတော်ဖြစ်သွားပါမယ်”လို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆက်ပြောပြပါတယ်။ ဟိုးအရင်ကာလတွေမှာ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာတာတက်ပွဲ နောက်ဆုံးပွဲတော်နေ့ကို အင်းနီရွာမှာ ပြုလုပ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ကျင်းပဖို့မသေချာသေးဘူးလို့ ဆိုပါတယ်။

### ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင်

အဓိကကတော့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ရည်ရွယ်ချက်နဲ့ ဒီပွဲတော်ကို အခုလို နှစ်စဉ်ကျင်းပနေတာဖြစ်ပါတယ်။ တောင်ရိုးမျိုးနွယ်စုဟာ ရှမ်းတိုင်းရင်းသားမျိုးနွယ်စု ၃၃ မျိုးထဲမှာ ပါဝင်ပြီး ရှမ်းပြည်နယ်အတွင်း ကလော၊ အောင်ပန်း၊ ပင်းတယနဲ့ ပင်လောင်းတို့မှာ တောင်ရိုးတိုင်းရင်းသား လူဦးရေ ငါးသိန်းဝန်းကျင်ခန့် နေထိုင်ကြပါတယ်။

ရာသီအလိုက် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြလေ့ရှိပြီး နှစ်စဉ်တန်ခူးလနဲ့ ကဆုန်လတွေမှာ ကျင်းပလေ့ရှိတဲ့ ရိုးရာဓလေ့တာတက်ပွဲကို သင်္ကြန်အတက်နေ့အပြီး နောက်ရက်ကနေစတင်ပြီး ကဆုန်လကွယ်နေ့အထိတိုင်အောင် ကျေးရွာတိုင်းမှာ အလှည့်ကျ ကျင်းပလေ့ရှိပါတယ်။

### ပဲလျှော်ပေါက်ပွဲဓလေ့

တောင်ရိုးတိုင်းရင်းသားတွေရဲ့ ချစ်စရာကောင်းတဲ့ နောက်ထပ် ရိုးရာဓလေ့တစ်ခုကတော့ ပဲလျှော်ပေါက်ပွဲဖြစ်ပါတယ် ။ ပဲလျှော်ပေါက်ပွဲကတော့ တာတက်ပွဲကို အကြောင်းပြုပြီး ပွဲတော်မှာ လူပျို အပျို လှည့်ကြတာဖြစ်ပါတယ်။ တောင်ရိုးအမျိုးသားရဲ့ လွယ်အိတ်ထဲမှာ ပဲလျှော်တွေကိုထည့်ထားပြီး ကိုယ်ချစ်ခင်တဲ့ တောင်ရိုးလုံမပျိုကို ပဲလျှော်နဲ့ ပစ်ပေါက်ရတဲ့ ဓလေ့ဖြစ်ပါတယ်။ ဒီဓလေ့ကတော့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ဖြစ်ပေမယ့် နောက်ပိုင်းကာလတွေမှာ ဒီရိုးရာဓလေ့ပွဲတွေကို သိပ်မကျင်းပတော့တာကြောင့် ရိုးရာဓလေ့တွေ မပျောက်ပျက်သွားအောင် လက်ဆင့်ကမ်းကျင်းပနိုင်ဖို့ လိုအပ်နေပါတယ်လို့ ဆည်ခေါင်းကျေးရွာမှာ နေထိုင်သူ တောင်ရိုးတိုင်းရင်းသားတစ်ဦးကလည်း စာရေးသူကို ပြောပြပါတယ်။

“တောင်ရိုးအမျိုးသားက ပဲလျှော်နဲ့ ပစ်ပေါက်တာကို လုံမငယ်ကလည်း ပြန်ပေါက်ရင် အပြန်အလှန် သဘောကျတယ်လို့ ဆိုရပါတယ်။ ပွဲတော်ပြီးသွားရင် လုံမငယ်တို့ရွာကို သွားရောက်ပြီး လူပျို အပျို လှည့်ကြရတာမျိုးဖြစ်ပါတယ်။ ဒါပေမယ့် လူပျို အပျိုလှည့်တဲ့အခါ ကိုယ်ပိုးပန်းတဲ့ရွာက ကာလသား ခေါင်းဆောင်ကို ခွင့်တောင်းပြီးမှသာ ပိုးပန်းရတာမျိုးဖြစ်ပါတယ်။ ဒါကတော့ တာတက်ပွဲကို အကြောင်းပြုပြီး တောင်ရိုးတိုင်းရင်းသားတွေရဲ့ လူပျိုအပျိုလှည့်ရတဲ့ ချစ်စရာရိုးရာဓလေ့တစ်ခု ဖြစ်ပါတယ်”လို့ တောင်ရိုးစာပေနဲ့ ယဉ်ကျေးမှုအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖိုးအောင်ငဲက ပြောပြပါတယ်။

လက်ရှိအချိန်မှာ ပဲလျှော်ပေါက်ပွဲ ဓလေ့ထုံးစံကို ကျင့်သုံးတာသိပ်မရှိတော့ပေမယ့် ပင်းတယမြို့နယ်ထဲ နေထိုင်ကြတဲ့ တောင်ရိုးရွာတွေမှာတော့ ဒီရိုးရာဓလေ့တွေက ကျန်ရှိပါသေးတယ်။

### ဆွေမျိုးပေါင်းစုံနဲ့ ပြန်လည်တွေ့ဆုံကြရတဲ့ကာလ

တာတက်ပွဲဆိုတာ မနု၊ တောင်ရိုး၊ ပအိုဝ်းလူမျိုးတို့ရဲ့ရိုးရာပွဲတော်တစ်ခုလို့ ဆိုနိုင်ပါတယ်။ တာတက်ပွဲကို တစ်နည်းအားဖြင့် ပွဲဝင်တယ်လို့လည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ပွဲဝင်ခံရတဲ့ရွာရဲ့ ဘုန်းကြီးကျောင်းကို တခြားရွာတွေမှာ နေထိုင်ကြတဲ့ တောင်ရိုးတိုင်းရင်းသား လူကြီးလူငယ်မကျန် လှူဖွယ်ပစ္စည်းတွေ၊ ဆွမ်းတော်အုပ်၊ အိုးစည်ဗုံမောင်းတွေနဲ့ လာရောက်ပြီး ပွဲဝင်ကြတဲ့ ဓလေ့တစ်ခုလို့ဆိုရပါတယ်။ တစ်နှစ်တာ ကာလပတ်လုံး လယ်ယာလုပ်ငန်းခွင်မှာ လုပ်ကိုင်ကြတာမို့ အခုလို ပွဲတော်ကာလမှာ ဆွေမျိုးပေါင်းစုံနဲ့ ပြန်လည်တွေ့ဆုံကြရတဲ့ကာလလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံက တိုင်းရင်းသားတစ်မျိုးစီရဲ့ ရိုးရာဓလေ့နဲ့ ယဉ်ကျေးမှုတွေအနက် ရှမ်းပြည်နယ်အတွင်းမှာနေထိုင်ကြတဲ့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ပွဲတော်ဖြစ်တဲ့ တာတက်ပွဲကိုလည်း ယခုလို ပွဲတော်ကျင်းပနေချိန်ကာလမှာ သွားရောက်လေ့လာလည်ပတ်နိုင်ဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အဖြစ် ရေးသားဖော်ပြလိုက်ရပါတယ်။



ဥမင်ပေါက်ရွာ၌ ကျင်းပသည့် တာတက်ပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသူများ။



ကမ်းပါးနီကျေးရွာ၌ ကျင်းပသည့် တာတက်ပွဲသို့ တက်ရောက်လာသည့် ရှမ်းမျိုးနွယ်စုထဲတွင်ပါဝင်သော ထနေ့ဘ်တိုင်းရင်းသူများ။

ဓာတ်ပုံ – ကိုလူဝိုင်း

# ၂၀၂၄ ခုနှစ်၊ မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**နေပြည်တော် မေ ၂၇**

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့မှ ၈ ရက်နေ့)အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ပထမရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာ ရှိသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်ပါသည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့် အတင့် ရှိနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ဘီးလင်းမြစ်တို့ တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလ ခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့် အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။ **မိုး/ဇလ**

# ၂၀၂၄ ခုနှစ်၊ မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် မေ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ ၂၇ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ်၊ မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၆ ပေမှ ၁၀ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်နှင့် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၂၇-၄-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၄၁.၂ | ၁၀၆.၂ |
| ၂။ | ရန်ကုန် | ၄၀.၃ | ၁၀၄.၅ |
| ၃။ | မန္တလေး | ၄၃.၅ | ၁၁၀.၃ |

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | စစ်ကိုင်း | ၂၆-၄-၂၀၂၄ | ၄၄.၂ | ၁၁၁.၆ | ၁၁-၄-၂၀၁၆ | ၄၃.၈ | ၁၁၀.၈ | ၅၉ |

# တောင်ကြီးမြို့နယ်တွင် ငွေကျပ် ၇၃၁၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် ည ၁၂ နာရီမိနစ် ၃၀ က တောင်ကြီးမြို့နယ် တောင်ကြီး-အောင်ပန်းသွား ကားလမ်း တောင်လေးလုံး ကျေးရွာအနီးတွင် ချမ်းမြေ့နိုင်(ခ)ကျော်မျိုး မောင်းနှင်လာသည့် ALPHARD မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၃၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ နံနက် ၅ နာရီတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ စိုင်းစောဟန်(ခ)စောဟန် အား စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀၊ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီး ရမိခဲ့သဖြင့် ချမ်းမြေ့နိုင်(ခ)ကျော်မျိုး ၃၃ နှစ်နှင့် စိုင်းစောဟန်(ခ)စောဟန် ၄၉ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ချမ်းမြေ့နိုင်(ခ)ကျော်မျိုး နှင့် စိုင်းစောဟန်(ခ)စောဟန် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ထွန်းဇော်(ခ)သားဝိန်(ခ)အားဝေ နှင့် ဝေဠု တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် ငွေကျပ် ၁၁၁၂ ဒသမ ၁၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် ၇၆ လမ်းနှင့် ၂၇ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ဝေဠု အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၁၅ ကီလို၊ ကက်တမင်း သုည ဒသမ ၀၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီ ၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၅ လမ်းနှင့် ၃၇ လမ်းထောင့်၌ ထွန်းဇော်(ခ)သားဝိန်(ခ)အားဝေ အား စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြား၊ TOYOTA LANDCRUISER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ည ၈ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၄ လမ်းနှင့် ၄၀(ဘီ)လမ်းထောင့်ရှိ ထွန်းဇော်(ခ)သားဝိန် (ခ)အားဝေ ၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၆၇၅ ကီလို၊ ကက်တမင်း သုည ဒသမ ၇၀၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဝေဠု ၃၇ နှစ်နှင့် ထွန်းဇော် (ခ) သားဝိန်(ခ)အားဝေ ၄၀ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟာကြားမနိုးကျေးရွာရှိ လော်မွန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မေ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်အတွင်း၌ သီဟနောင်(ခ)ယားပါ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် လော်မွန် ၄၇ နှစ်နှင့် သီဟနောင်(ခ)ယားပါ ၂၉ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လော်မွန်နှင့် သီဟနောင်(ခ)ယားပါ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Ceramic Tiles ၄၄၄၄ ဒသမ ၂ စတုရန်းမီတာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၃၀၉၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် တရုတ်နိုင်ငံထုတ် Master တံဆိပ် ပဲငံပြာရည် ဖာ ၃၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၆၈၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၆၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook and Lobster ငါးငံပြာရည် ပုလင်း ၆၀၀၊ Honda မော်တော်ဆိုင်ကယ်သုံးစီး အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Young Man Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၄ ဒသမ ၈၂၀ တန်၊ သစ်မာ ၁ ဒသမ ၆၀၃ တန်နှင့် အခြားသစ် ၁ ဒသမ ၇၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၄၃၉၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၈၂၄၃၉၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ် - ထုံးဘို တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် VK ကားတာယာ အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ၈၇၉၉ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၈၉၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng Dump Truck တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၇၈၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၆၁၂၃၆၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**



## သန်လျင်ကျိုက်ခေါက်စေတီ ကြေးသွန်းတန်ဆောင်းတော်ကြီးပြုပြင်ရန် အလှူငွေပေးအပ်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီရှိ ကြေးသွန်း မဟာမုနိရုပ်ပွားတော် တန်ဆောင်းကြီးအား ပြုပြင်တည်ဆောက်လျက်ရှိသည်။

အဆိုပါ တန်ဆောင်းတော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်က ငွေကျပ်သိန်း ၅၀၊ ကွယ်လွန်သူ ဦးစိန်လွင်အား ရည်စူး၍ ဇနီးဒေါ်ဖြူဖြူခိုင်(ရတနာရှင်းသန့်ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ ဒေါ်တင်ငွေမိသားစု (ကျော်အထည်ဆိုင်) မြို့မဈေးက ငွေကျပ် ၁၀ သိန်း၊ ဦးသိန်းဟန်-ဒေါ်သန်းသန်းရင်၊ ဦးသောင်းရွှေ-ဒေါ်ရင်မြင့် (စိန်ဒူးလေးဖိနပ်ဆိုင်)၊ ဦးလှငွေ-ဒေါ်သန်းတင်၊ ဦးဝင်းချို-ဒေါ်သီတာ၊ ဒေါ်နုနုရီ မိသားစုနှင့် ဒေါ်မော်မော်တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသန်းလွင်-ဒေါ်ခင်လေးမိသားစုက ငွေကျပ် ၂၁၀၀၀၀၊ ဦးသောင်းထွန်း-ဒေါ်ခင်အုန်းမြင့်က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာရေးမှူး ဦးငွေဝင်း(နီလာမင်းရွှေဆိုင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကြေးသွန်း တန်ဆောင်းတော်ကြီးအား သန်လျင်မြို့မဈေး ဈေးသူဈေးသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မတည်ပြုပြင်သွားမည်ဖြစ်ရာ ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုကြသည့် အလှူရှင်များအနေဖြင့် ဦးငွေဝင်း (နီလာမင်းရွှေဆိုင်-မြို့မဈေးသန်လျင်) ဖုန်း ၀၉-၅၀၁၅၀၂၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်- ၁၆၇၈ (ခ)၊ မြေအကျယ် (၂၀ ပေx၆၀ ပေ) မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ခေါင်းရင်းဘက်ခြမ်း၊ မြေအကျယ် (၁၀ပေx ၆၀ ပေ) မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့ကို လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်မေသန္တာထွန်း ၁၂/ဥကတ(နိုင်)၁၄၁၆၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ပြုံး၁၂/ဒဂမ(နိုင်)၀၁၇၉၀၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိ သည့်ရက်မှစ၍ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄၀)**
**တိုက် (၂၈)၊ အခန်း (၃၀၆)၊ အောင်ဇေယျအိမ်ရာ၊ (၂၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၈၀၄၂၂၅၆**


## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်





**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အားကစားပစ္စည်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များက ပထမနေ့ သဃ်န်းကျွန်းခရိုင်အသင်းနှင့် ဒဂုံမြို့သစ်ခရိုင်အသင်း ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသည် နေပြည်တော်တွင် ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၄ ရက်အထိကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ အကောင်းဆုံး အားကစားသမားများကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၄ သင်းပါဝင်ပြီး အုပ်စုလေးစု၊ အုပ်စုသုံးစုခွဲကာ တောင်ဥက္ကလာပ ပဒေသာအားကစားကွင်းနှင့် တောင်ဒဂုံ အားကစားကွင်းတို့၌ မေ ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**


### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၂၁)လမ်း၊ အဆောက်အအုံအမှတ်(၉)၊ အခန်းအမှတ်(၅)၊ ဧရိယာ အလျား(၂၅)ပေ၊အနံ(၄၀)ပေ၊ အကျယ်အဝန်း(၁၀၀၀)စတုရန်းပေရှိ တိုက်ခန်းသည် မူလပိုင်ရှင် ဒေါ်သန်းသန်းဝင်း(ခ)လူ ယွတ်အီထံမှ ဦးတန်ဟုန်ချောင်း(ခ)ဦးကျော်ဝင်း(ဘ)ဦးတန်တင်ရှူးက အပြီးအပိုင် ဝယ်ယူထားခဲ့ပြီး ယင်းမှ တစ်ဖန် ဒေါ်ချယ် ရီဝင်း(ဘ)ဦးဝင်းနိုင်(ခ)ဦးပြည်စိန်က ပြန်လည်၍ဝယ်ယူထားရာ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်ချယ်ရီဝင်း ၁၂/ပဘတ(နိုင်)၀၃၃၂၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ကြိုတင်ငွေ အချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။သို့ဖြစ်၍ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကို ပိုင်ဆိုင်မှုအထောက်အ ထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာငွေ(LL.B,MA(Business Law),DBL,DIPL,D.A)**
**တရားလွှတ်တော်ရှေ့နေ(၇၄၀၃)**
**အမှတ် ၈၅၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်တိုင်းဒေသကြီး**


## မင်္ဂလာဒုံမြို့နယ်၌ Seeder စိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက်ရိတ်သိမ်း

**မင်္ဂလာဒုံ မေ ၂၇**

ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် Seeder စိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ရွှေနံ့သာကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၅၃၁)၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



ထိုသို့ နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ကွင်းအမှတ် (၅၃၁)၊ ဦးပိုင်အမှတ် (၃၅/၂) ပိုင်ရှင် တောင်သူဦးအောင်ဝင်း၏ စိုက်ခင်း၌ စိုက်ပျိုးထားသော စပါးအမျိုးအစားမှာ ဆင်းသုခစပါးမျိုးဖြစ်ပြီး လျာထားစိုက်ဧကမှာ ၁၀ ဧက စိုက်ပျိုးထားနိုင်ခဲ့ပြီး တစ်ဧက အထွက်နှုန်းမှာ ၁၁၅ တင်း ရရှိသဖြင့် စုစုပေါင်း တင်း ၁၁၅၀ ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေထံမှ သိရသည်။

အဆိုပါ စပါးစံကွက် ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်သည်။

တစ်ဧက အထွက်နှုန်း တိုးတက်စေရေး အတွက် တောင်သူပညာပေးလုပ်ငန်းများနှင့် နွေစပါးစိုက်ခင်းများတွင် တစ်ဧကအထွက်နှုန်းအတွက် လိုက်နာရမည့် နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်လျက်ရှိပြီး နည်းပညာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်း တိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ မျိုးစေ့ထုတ် တောင်သူများကိုလည်း မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ငွေလင်း**


### ဦးရဲလင်းနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၈)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးရဲလင်းထံမှ ကျွန်မဒေါ်ရွှေငွေးသည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟုဝန်ခံကတိပြုထားသည်ဖြစ်၍ ၃-၅-၂၀၂၄ ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အားချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးရဲလင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရွှေငွေး**
**၃၆ လမ်း၊ ၇၈ x ၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၉၇၂၀၀၂၀၈၀**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ဗိုလ်မင်းရောင်လမ်း၊မြေတိုင်းရပ်ကွက်အမှတ်-၄၃၊မြေကွက်အမှတ်-၁၄၊ဧရိယာ(၀. ၀၅၅)ဧကရှိသောနှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်တို့ကိုပိုင်ဆိုင်ပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိသူ**ဒေါ်နီနီမွန်**(၁၀/မဒန(နိုင်)၀၆၆၃၄၄)ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံ စားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက် အထားများနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကမြေကွက်နှင့်အကျိုးခံစားခွင့်တရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အမှတ်-၁၈၅၊ ပထမထပ်၊ (ဝဲဘက်အခန်း)
၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၀၀ ၄၇၇၅


## ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်ဂျပန်ယဉ်ကျေးမှုစင်တာမှ စစ်တမ်းကောက်ယူမည်

**ရန်ကုန် မေ ၂၇**

ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်ဂျပန် ယဉ်ကျေးမှုစင်တာသည် ကမ္ဘာတစ်ဝန်းမှ ဂျပန်ဘာသာ သင်ကြားနေသော သင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများ၏ အခြေအနေများကို သိရှိနိုင်ရန် ရည်ရွယ်ပြီး သုံးနှစ်လျှင် တစ်ကြိမ် စစ်တမ်းကောက်လျက်ရှိသည်။ ယခုနှစ်၏ စစ်တမ်းကောက်ယူမှုကို စက်တင်ဘာလမှ စတင်မည်ဖြစ်ပြီး ထိုစစ်တမ်းကောက်ယူမှုမတိုင်မီ လက်ရှိမြန်မာနိုင်ငံ၌ ဂျပန်ဘာသာ သင်ကြားနေသော သင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများ၏ အခြေခံအချက်အလက်များကိုစုစည်းရန် ကြိုတင်စစ်တမ်းကောက်ယူမှုကို ပြုလုပ်မည်ဖြစ်သည် ။

ကြိုတင်စစ်တမ်း ကောက်ယူခြင်းကို https://forms.office.com/ pages/ responsepage.aspx... လင့်မှ ဝင်ရောက်ဖြေဆိုနိုင်သည်။

စစ်တမ်း ဖြေဆိုပေးသော ဂျပန်ဘာသာ သင်ကြားနေသည့် သင်တန်းကျောင်းနှင့် အဖွဲ့အစည်းများတွင် ဂျပန်စာသင်ကြားနေသော ဆရာများအတွက် ကျင်းပပြုလုပ်သည့် ပွဲအစီအစဉ်များကို ဖိတ်ကြားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂျပန်ဘာသာ သင်ဆရာများ အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်မည့် နည်းလမ်းကို မိတ်ဆက်ပေးပြီး ဂျပန်ဖောင်ဒေးရှင်းမှ ပြုလုပ်သော ဂျပန်သာသာသင်ကြားမှုနှင့် ပတ်သက်သည့်ပွဲအစီအစဉ်များကို အကြောင်းကြားပေးမည်ဖြစ်သည်။ စစ်တမ်းဖြေဆိုရန် ၃ မိနစ်ဝန်းကျင်သာ ကြာမည်ဖြစ်ပြီး မေ ၃ ရက် နောက်ဆုံးထား၍ ဖြေကြားပေးရမည် ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## ချောက်ခရိုင်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ချောက် မေ ၂၇**

ချောက်ခရိုင်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၅ ရက်က ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချောက်ခရိုင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ချောက်ခရိုင် ခေတ္တ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍအလိုက် ဒေသန္တရစီမံကိန်းတာဝန်များကို ပေးအပ်သည်။

ထို့နောက် ချောက်ခရိုင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး၊ ခရိုင်စီမံကိန်းဦးစီးမှူး ဒေါ်အေးအေးဖြိုးက ချောက်ခရိုင်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုင်ငံပိုင်အခန်းမှဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များအပေါ် ရှင်းလင်းတင်ပြသည်။ **ကျော်မိုး(ပြန်/ဆက်)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်နေ စိုင်းလိန်ဆိုင်၏ဖခင် အိမ်ထောင်စုအရ စိုင်းညီမွန်နှင့် မွေးစာရင်းအရ စိုင်းရီမွန် ၁၃/နခန(နိုင်)၀၄၂၇၆၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စိုင်းညီမွန် (ခ)စိုင်းရီမွန်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ဇွန်လအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel)၊ ဓာတ်ဆီ(Octane-92) (မြန်မာကျပ်ငွေ)နှင့် ကျောက်စွဲပစ္စည်းများကို (နိုင်ငံခြားသုံးငွေ)တို့ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါများအား ၁၆-၅-၂၀၂၄ရက်၊ (၁၃:၀၀) နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၃၀-၄-၂၀၂၄)ရက်နေ့မှစ၍ (၁၄-၅-၂၀၂၄)ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်- ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အမျိုးသားသွေးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့် သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်သည့်သွေးလှူဘဏ်သုံးဆေးပစ္စည်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်** - ၂၅-၄-၂၀၂၄ ရက်
**ရောင်းချမည့်ရက်** (ကြာသပတေးနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်** - ၈-၅-၂၀၂၄ ရက်
**ရက်နှင့်အချိန်** (ဗုဒ္ဓဟူးနေ့) (၁၆ : ၀၀) နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန ဖုန်း-(၀၁၈-၃၇၂၇၅၃)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇

အောင်ပင်လယ် လယ်ယာနှင့် **နှင့်** ဒေါ်ချယ်ရီစိုး
အထွေထွေရောင်းဝယ်ရေး
ငွေစုငွေချေးသမဝါယမ
အသင်းလီမိတက် (၎င်းကိုယ်စား
ဦးထွန်းမြင့်(အမှုဆောင်)၊

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၉-၆/၆၄)နေ ဒေါ်ချယ်ရီစိုး (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အသင်းထံမှ ချေးယူထားသော ငွေကျပ် ၁၆၁၁၅၀၀၀ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်) နေ့မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီ လ ၂၃ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## မိဘအမည်မှန်

မူဆယ်မြို့၊ ICTC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-7 တက်ရောက်မည့် မမေပန်းချီလင်း၏ မိဘအမည်မှန်မှာ ဦးလှိုင်မင်းသူ ၁၄/ဝခမ(နိုင်)၁၉၈၆၆၃နှင့် ဒေါ်သီသီဦး ၉/ခမစ(နိုင်)၀၆၆၁၃၃ ဖြစ်ပါကြောင်း။

**ဦးလှိုင်မင်းသူ- ဒေါ်သီသီဦး**

## အမည်ပြောင်း

ဦးအောင်နိုင် ၉/မခန(နိုင်)၁၅၉၈၄၁ နှင့် ဒေါ်မာမာချို ၉/မခန(နိုင်) ၀၆၈၉၄၁ တို့၏သမီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပျဉ်းမနားမြို့၊ ပညာပန်းတိုင်ကိုယ်ပိုင်ကျောင်း၊ ကျောင်းဝင်အမှတ် (၃၉၈၁)Grade-10မှ မကြည်ဇင်သော်(ခ)မကြယ်စင်သော်အား ယနေ့မှစ၍ မသံသာချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသံသာချို**

## ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ စိန်ပန်းလမ်း၊ အကွက်အမှတ် (၂၅)၊ တောင်သူစုအကွက်၊ ဦးပိုင်အမှတ်(၆၆ည+၆၆ဋ)၊ ဧရိယာ(၀.၁၂၀+၀.၁၂၁)ဧက စုစုပေါင်း ဧရိယာ(၀.၂၄၁)ဧကရှိ မြေကွက်အား မူလပိုင်ရှင် မိဘများဖြစ်သော ဦးဝင်းကြည်-ဒေါ်ရှုတီအမည်မှ ဒေါ်စုစုဝင်း၏အမည်သို့ ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် ပြောင်းလဲပေးပါရန် ၂၀၂၄ခုနှစ်၊ ဧပြီလ (၂၆)ရက်မှ ၂၀၂၄ခုနှစ်၊ မေလ(၂၅) ရက်မတိုင်မီ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျိုက်ထိုမြို့**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံး ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၃

အောင်ပင်လယ် လယ်ယာနှင့် **နှင့်** ဦးဖြိုးဝေ
အထွေထွေရောင်းဝယ်ရေး
ငွေစုငွေချေး သမဝါယမအသင်းလီမိတက်
(၎င်း၏ ကိုယ်စား-ဦးထွန်းမြင့်(အမှုဆောင်) )

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၇-၈၈လမ်း၊ ၂၀-၂၁လမ်းကြား၊ အောင်မြေသာစံရပ်ကွက်နေ ဦးဖြိုးဝေ (ဘ) ဦးသောင်းထွန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလိုက အသင်းထံမှချေးယူထားသော ငွေကျပ် (၆၇၃၉၅၀၀/-)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေဖြစ်စေ ၂၀၂၄ခုနှစ်၊ မေလ (၇) ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလကွယ်၁၄)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀) အောင်မြေသာစံခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁

ဒေါ်ဗေဒါ(ခ)ဗေဒါရီ (ခ) **နှင့်** ၁။ ဒေါ်စန်းစန်းအေး
ကြည်ပြာသိန်း ၂။ ဒေါ်ဆွေဇင်ထိုက်
၃။ ဒေါ်လှလှဝင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြား၊ ကမ်းနားလမ်း၊ အဆောင် (၂)၊ နှင်းဆီအိမ်ရာတိုက်ခန်းနေ ဒေါ်ဆွေဇင်ထိုက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၅-၁-၂၀၁၈)နေ့စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်သည် လိမ်လည်အတုပြုလုပ်ထားသော စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ (၈)ရက်၊ (၁၃၈၆ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့) နေ့မွန်းမတည့်မီ (၉:၃၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေငွေလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ပတ်စ်ပို့ ပျောက်

ကလောမြို့၊ ရပ်ကွက်(၃)နေ (ဘ)ဦးလွင်ခန့်လို၏သမီး ဒေါ်ကျိုန်စန်းလွင်(၁၃/ကလန(နိုင်) ၀၆၀၈၄၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (811354)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၀၆၈၉၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ ကျောက္ကာလမ်း၊ မြေကွက်အမှတ် (၅၇၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဆောင်ခိုလျှန် (၁၂/ဆကန (နိုင်) ၀၀၁၀၀၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးပြုံးချို (၁၁/ကဖန (နိုင်) ၀၁၀၄၂၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** **LL.B,**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂) အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၂၇၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စန်းကြည် (CK-၀၂၁၄၇၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပပခိုင် (၁၄/မအပ (နိုင်) ၁၉၃၉၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** **LL.B,**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂) အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7277, Nissan AD vo412,Station Wagon (4X2) ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်စိုး ၁၂/သကတ(နိုင်)၁၂၅၀၀၆သည် ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 8L/5411, Soe Light Truck ယာဉ်အမည်ပေါက်သူ ဦးစောပိုလေး (၂/ဖဆန(နိုင်)၀၀၁၉၁၅) က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၆၊ ဦးပိုင်အမှတ် (၅၄)၊ ၆၁ x ၆၂ လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီခိုင် ၉/မနမ(နိုင်)၁၀၀၀၃၇၏ (SP ရရှိသူ ဦးချမ်းမင်းထွန်း) က အမှုတွဲအမှတ် ၀၂၁၈/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ်/အမည် (၅၈၊ သီလဝ-၃)၊ မြေကွက် အမှတ်(၈၄၈)ဦးပိုင်အမှတ်(၁၅၃)၊ မြေဧရိယာ(၀.၀၈၆)ဧကရှိမြေအား လူနေထိုင်ရန်အတွက် ဒေါ်ခင်အေးမူအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါကကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းအထောက် အထားအပြည့်အစုံဖြင့် ရမည်းသင်းခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ သီလဝ(၃)ရပ်နေ၊ ဒေါ်ခင်အေးမူ (၉/ရမသ(နိုင်)၀၈၅၈၃၈)အမည်ဖြင့် မြေငှား ဂရန်အသစ် ချထားပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရမည်းသင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 61W/13794, Honda Dream 125 ယာဉ်အမည်ပေါက်သူ ဦးစောပိုလေး (၂/ဖဆန(နိုင်)၀၀၁၉၁၅) က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

